ပန်းနီနီကျိန်စာ

တင်ညွန့်

Whisper Of Words

About Author

တင်ညွန့်

အဖ ဦးအောင်သိန်း၊ အမိ ဒေါ်ခင်ကြည်တို့မှ ၁၉၅၅ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် ပဲခူးမြို့၌ မွေးဖွားခဲ့သည်။ ပဲခူးမြို့ ၊ ဗိုင်းဂနိုင်းတောင်ပိုင်း၊ မြလမ်းတွင်နေထိုင်ခဲ့သည်။ ပဲခူးမြို့ BBM ကျောင်းနှင့် အမှတ် (၄) အထကတို့တွင် ပညာသင်ကြားခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် အထက (၄) မှ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည်။

၁၉၇၄ ခုနှစ်တွင် မော်လမြိုင်ကောလိပ်၌ သမိုင်းအဓိကဘာသာရပ်ဖြင့် ပထမနှစ်ကို တက်ရောက်ခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်သို့ပြောင်းပြီး ဒဿနိကဗေဒဘာသာ အထူးပြုဖြင့် တက်ရောက်ခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် ရန်ကုန် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်မှ B.A (Philosophy) ဘွဲ့ကို ရရှိခဲ့သည်။

၁၉၈၁ ခုနှစ်တွင် ပညာရေးဌာန၌ မူလတန်းပြဆရာအဖြစ် စတင်အမှုထမ်းသည်။ ပဲခူးချောင်းဖျားဒေသတွင် ၁၉၈၁ ခုနှစ်မှစတင်ပြီး အမှုထမ်းခဲ့သည်။ အလယ်တန်းပြရထူးတိုးကိုလည်း ဇောင်းတူရွာတွင်ပင် တာဝန်ယူပြီး တွဲဘက် အထက်တန်းအထိ အင်္ဂလိပ်စာကို သင်ကြားပေးခဲ့သည်။

၁၉၉၇ ခုနှစ်တွင် ပညာရေးတက္ကသိုလ်မှ B.Ed ဘွဲ့ကို ထပ်မံရရှိသည်။ ၁၉၈၁ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ နှစ်ပေါင်း ၂၀ ပညာရေးဌာနတွင် အမှုထမ်းပြီး အငြိမ်းစားယူခဲ့သည်။

၂၀၀၁ ခုနှစ်ကစတင်ပြီး ရန်ကုန်တွင် အခြေချကာ ဝါသနာပါသည့် စာပေလောက၌ ကျင်လည်ခဲ့သည်။

၂၀၀၁ ခုနှစ်တွင် ကွန်ပျူတာဂျာနယ်

၂၀၀၆ ခုနှစ်တွင် ကြီးပွားရေးမဂ္ဂဇင်း

၂၀၀၈ ခုနှစ်တွင် မျက်မှောက်ရေးရာ မဂ္ဂဇင်း

၂၀၀၉ ခုနှစ်တွင် Personal Computer မဂ္ဂဇင်း

၂၀၁၀ ပြည့်နှစ်တွင် Itizen နည်းပညာဂျာနယ် တို့တွင် အယ်ဒီတာအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

၁၉၇၈ ခုနှစ်ထုတ် ရန်ကုန် ဝိဇ္ဇာသိပ္ပံ မဂ္ဂဇင်းတွင် "ဂရက်ဖိုဖီလ်" ဆိုသည့် ဘာသာပြန်ဝတ္ထုတိုနှင့် "ကဗျာဆရာသို့" ဆိုသည့် ကဗျာကို စတင်ဖော်ပြခြင်းခံရသည်။ နည်းပညာ၊ နိုင်ငံရေး၊ ပညာရေး၊ ဘာသာရေး၊ ဝတ္ထုရှည် စာအုပ်ပေါင်း (၅၀) ကျော်ကို ရေးသားပြုစုခဲ့ပြီးဖြစ်သည်။၂၀၁၁ ခုနှစ်တွင် "လူငယ်နှင့်အတွေးအမြင်" စာအုပ်ဖြင့် ထွန်းဖောင်ဒေးရှင်းအဖွဲ့က ပေးအပ်သော လူငယ်စာပေဆုကိုရရှိခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် "ဒီမိုကရေစီ ပါရာဒိုင်း" စာအုပ်ဖြင့်

သုတစွယ်စုံ နိုင်ငံရေးစာပေဆုများကို ရရှိခဲ့သည်။၂၀၁၇ ခုနှစ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပြန်ကြားရေးဝန်ကြီးဌာနက ပေးအပ်သည့် "အမျိုးသားစာပေဆု" ကို "ကျောင်းဆရာမှတ်တမ်း" စာအုပ်ဖြင့် ရရှိခဲ့သည်။ ပေးအပ်ခြင်းခံရသည့် စာအမျိုး အစားခေါင်းစဉ်မှာ "စာပဒေသာဆု" ဖြစ်သည်။The Voice Daily သတင်းစာတွင် ၂၀၁၂ ခုနှစ် စတင်ထုတ်ဝေစဉ်မှသည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအထိ အယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ကျော်ဗလ၊ မောင်ခေတ်စသည့် ကလောင်ခွဲများဖြင့်လည်း စာရေးသည်။

အမည်ရင်းမှာ ဦးတင်ညွန့်ဖြစ်သည်။

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။

တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်းများပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။

ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံး၀ မရှိသလောက် ဖြစ်သည်။

ထိုအခက်ခဲများကိုကျနော်တို့တတ်နိုင်သည့်ဘက်မှကူညီပေးနိုင်ရန်ရည်ရွယ်ပြီး ပြုလုပ်ထားခြင်းဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီးကိုယ်ကျိုးအတွက်လုံး၀(လုံး၀)အသုံးမပြုပါ။

https://t.me/TheBookR

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ -ဦးနေထွန်း (၀၂၀၇၈)၊ မောက္ခ စာအုပ်တိုက်၊ ထမလုံရပ်ကွက်၊ ဇေယျာသီရိလမ်း၊ မြယာရိုး (၆)၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ - ဦးခွန်ပြည့်အေး (မြဲ - ၀၀၈၉၂)၊ ပြည့်အေးမိသားစုပုံနှိပ်တိုက်၊ ဝိုင်အမ်စီအေ၊ ၄၅ လမ်း (အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၁၅၀၀ ကျပ်

ပထမအကြိမ် - ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ

မောက္ခ စာအုပ်တိုက် - 09-425026619, 09-796364991

အမှတ် (၁၆/၁၈)၊ အခန်း A-2 ၊ လမ်း (၂၀) အရှေ့၊ ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

Ocr - Thu

Ebook Creator - Whisper Of Word

ပန်းနီနီကျိန်စာ

တင်ညွန့်

Whisper Of Words

https://t.me/TheBookR

"ဆရာ လပြည့်နေ့ မြို့ပြန်မှာလား"

"မပြန်ဘူး ကိုကျော်မောင် မြို့ပြန်လည်း အမေက မရှိဘူး တရားစခန်းဝင်နေတယ်။ စားသောက်ရေး ခက်လို့ ဒီမှာပဲနေတော့မယ်"

"ဟာ .. ဒါဆိုရင်အတော်ပဲ ... ကျွန်တော် ခြတောင်း ရွာကိုသွားမလို့ လိုက်ခဲ့ပါလား"

"ခြတောင်းတဲ့လား ... မကြားဖူးပါဘူး"

"ခေါင်တယ်ဆရာ ရွာကနေ မနက်စောစောထွက် ရင်တောင် နေ့ခင်း ၂ ချက်တီးလောက်မှ ရောက်တယ်"

"ဘာသွားလုပ်မလဲ"

"အဲဒီမှာ ယောက္ခမတွေရှိတယ်လေ"

"မရောက်တာလည်း ကြာပြီးတော့ ကျွန်တော့်မိန်းမနဲ့ ကလေးကို သွားပြန်ခေါ်ရမှာ"

"မချစ်တို့သွားတာ ဘယ်လောက်ကြာပြီလဲ"

"သုံးလလောက် ရှိတော့မယ်ဆရာရေ ကလေးကို လွမ်းလို့"

"ဟုတ်မယ်မထင် ပါဘူးဗျာ ... မိန်းမကိုလွမ်းတာပါ"

"နှစ်ယောက်စလုံးပေါ့ ဆရာရယ် ... ဟား ဟား ဟား"

ဤသို့ဖြင့် ကျွန်တော် ကိုကျော်မောင်နှင့်အတူ ခြတောင်း ရွာကိုလိုက်ခဲ့ပါသည်။ ကျောင်းပိတ်ရက်ကလည်းဖြစ်ပြန် သူပြောသည့် ထူးဆန်းသော ဓလေ့တစ်ခုကိုလည်း လေ့လာချင်သော ကြောင့်ဖြစ်သည်။

"ဆရာ လပြည့်နေ့ညဆိုရင် ရွာထဲက ကာလသား၊ ကာလသမီးတွေ ဘုရားမှာ ဆုံကြတယ်။"

"အဲဒီညကတော့ ဖရီးပဲ ဆရာ"

"ဘာလဲဗျ ... ဖရီးဆိုတာ"

"ဘုရားပေါ်မှာဆုံ ... ဆရာနဲ့ အဆင်ပြေပြီဆိုရင် တောထဲမှာ ချိန်းတွေ့ ... တစ်ညလုံးနော်ဆရာ"

"တစ်ညလုံး ဘာလုပ်ရမှာလဲ"

"ဆရာ့နှယ်နော် ခက်တော့တာပဲ

ကာလသားသမီး အပျို၊ လူပျိုတွေ ချစ်ကြိုက်လို့ တွေ့ကြပြီဆိုရင် ဆရာရော ဘာလုပ်မလဲ"

"အဲ .. ခုမှတွေ့ကြရတာဆိုရင်တော့ ဘာမှလုပ်ဖြစ် မှာလည်း မဟုတ်ပါဘူးဗျာ"

"မဆိုင်ဘူးဆရာ အဲဒီညမှာတွေ့ကြတဲ့ အပျို၊ လူပျိုဆို ကြိုက်ရင် ပန်းဖြုတ်ရုံပဲ"

"ဘာလဲဗျ ... ပန်းဖြုတ်တယ်ဆိုတာ"

"အဲဒီညမှ လူပျို အပျိုတွေပဲ ဘုရားပေါ်သွားတယ်ဗျ အပျိုလေးတွေက ပန်းပန်ထားတတ်တယ် အနီရောင် ပန်ထားရင် ချစ်သူရှိတယ် သူနဲ့ ဒီည တွဲမယ့်သူရှိတယ် သွားမစနဲ့"

"အဲ အခွင့်အရေးရှိတယ်" ... အဖြူရောင် ပန်ထားရင်တော့ ဆရာ့မှာ

"ဘယ်လို အခွင့်အရေးလဲ"

"သူ့အနားကိုသွားပြီး ... ပန်းပေးမလားလို့ သွားမေး ကြည့်

သူက ခေါင်းလေးကိုင်းပေးပြီး ပန်းဖြုတ်ခွင့်ပေးရင် အပိုင်ပဲဆရာ ... ကိုင်ထည့်ပစ်လိုက်တော့"

"ဘာကို ကိုင်ရမှာလဲ"

"ကိုင်ချင်ရာကိုင် ဆရာ"

"ခင်ဗျားနဲ့ မချစ်လည်း ဒီလိုပဲ ရခဲ့တာလား"

"ဟုတ်လိုက်လေ ဆရာ ...

ကျွန်တော်က မချစ်ကို ပန်းပေးပါလားလို့ပြောတာ

သူက ခေါင်းလေး ကိုင်းပေးတာ ဘာရမလဲ ... ကျွန်တော်က ဖက်ပါနမ်းလိုက်တာ"

"ဟာ ... ခင်ဗျားနှယ် ... ပန်းဖြုတ်ပြီးတော့ရော"

"ပန်းဖြုတ်ပြီးတော့ သူက ဘယ်လောက်အတိုင်းအတာ အထိ ဆရာ့ကို ခွင့်ပြုသလဲဆိုတာ ဆရာ့အပေါ်မှာ တည်တယ်။ သူကြိုက်ရင် ကြိုက်သလို၊ ယုံကြည်ရင် ယုံကြည်သလောက် ဆရာ့ကို ခွင့်ပြုမှာနော်"

"အဲဒီလိုကြီးလား"

"ဒါပေမဲ့ ဆရာ ... ရွာမှာ ပန်းအဖြူပန်တဲ့သူတွေ ရှား လာပြီ .. ပန်းအနီပန်ထားတဲ့သူတွေပဲ များနေတာ ပန်းဖြုတ် ခွင့်ကြုံဖို့ဆိုတာ အခွင့်အရေး မရနိုင်ပါဘူး လပြည့်ညဆိုရင် ဘုရားပေါ်မှာ သွားမျှော်နေတဲ့ ကာလသားတွေ အများကြီး ဆရာလည်း ရောက်တုန်းရောက်ခိုက် ညကျရင် ဘုရားသွားပါလား"

"ဘာသွားလုပ်ရမှာလဲ"

"ပန်းဖြူဖြူနဲ့ ကိုယ့်ကိုယ်ကိုယ် လာလှူသူများ တွေ့ရလို တွေ့ရငြားပေါ့

"မဖြစ်နိုင်ပါဘူးဗျာ ...ကျွန်တော် စိတ်မဝင်စားပါဘူး ကျွန်တော် ခင်ဗျားနဲ့လိုက်ခဲ့တာ မျက်ရည်အိုင်ကြောင့်ပါ"

ခြံတောင်းရွာ မျက်ရည်အိုင်ကို ကိုကျော်မောင်ပြောပြမှ ကျွန်တော်သိခြင်းဖြစ်သည်။

ရေအိုင်ကြီးက ဖျာလေးချပ်ခင်းစာလောက် ကျယ်မည်ဟုဆိုသည်။

ရေက အပေါ်မှ အောက် ထိုးဖောက်မြင်နေရပြီး ငါးတွေကလည်း ကူးခတ်နေသည်။

သို့သော် မြင်နေရသောငါးတွေကို ကိုင်၍မရ။

အဘယ်ကြောင့် ဆိုသော် ငါးတွေက ရေအောက် ပေမည်မျှနက်မှန်းမသိသော နေရာတွင် ကူးခတ်နေသောကြောင့် ဖြစ်သည်။

"ရေက ဘယ်လောက်တောင် နက်လို့လဲ"

"ရွာကလူကြီးတွေ ပြောတာတော့ ဝါးလုံး လေးပြန်ဆက် ထိုးချတာတောင် အဆုံးမရောက်သေးဘူးတဲ့ ဆရာ... ဒါပေမဲ့ ရေတွေကတော့ အောက်အထိကို မြင်နေရသလိုပဲ၊ ... တစ်ခုတော့ ရှိတယ်ဆရာ ... အဲဒီရေကန်နားကို ညဘက် မသွားကြဘူး"

"ဘာဖြစ်လို့လဲဗျ"

"ညဘက်ဆိုရင် ရေကန်ထဲကနေ လာပါလို့ခေါ်ပြီး ဆွဲချသွားတတ်လို့တဲ့ ဆရာ နောက်ပြီး အဲဒီရေကန်ကို ရောက်ရင် စိတ်ထဲတစ်မျိုးကြီးပဲ လွမ်းသလိုလို ငိုချင်သလိုလို "

"ဒါကြောင့် ရွာက မျက်ရည်အိုင်လို့ အမည်ပေးထားတာ ဟိုးရှေးရှေးကတည်းက နတ်သမီးတွေ ရေလာချိုးပြီး သူတို့ အဝတ်တွေ ပျောက်ကုန်လို့ ငိုရင်းနဲ့ ကန်ကြီးက ရေအိုင်ကြီး ဖြစ်လာတာတဲ့ ဆရာ"

"ကြံကြံဖန်ဖန်ဗျာ"

"တကယ်ပြောတာ ဒီညတော့ ဆရာ့ကို မပို့နိုင်သေးဘူး မျက်ရည်အိုင်က နည်းနည်းလှမ်းတယ် မနက်ဖြန် မနက်မှ ပို့မယ် "

"အေးဗျာ ... မနက်ဖြန်မှပဲ ဘုရားလည်းဖူးရင်း သွားတာပေါ့ "

"ဆရာ ဆရာကတော့ ဒီညကတည်းက ဘုရားကိုသွားသင့်တာနော်"

"ဘာဖြစ်လို့လဲ"

"ပန်းဖြူဖြူ ပန်ထားတဲ့ ရွာသူတစ်ယောက်နဲ့ တွေ့လို တွေ့ငြားပေါ့"

"တွေတော့ ဘာဖြစ်သလဲ"

"ဟာ ... ခက်တော့တာပဲ ... ဒီညမှာ တွေ့လို့ကတော့ ကျွန်တော်သာ လူပျိုဆိုရင် ဘာပြောကောင်းမလဲ"

"လူအိုတွေက ပန်းဖြုတ်ခွင့် မရှိဘူးလား"

"မရှိဘူးဆရာ သွားမလုပ်နဲ့ ... ပြဿနာတက်သွားမယ်"

"ဘယ်လို ပြဿနာလဲဗျ"

"ထိပ်တုံး ၅ ည ... ကြိမ်ဒဏ် ၅၀ ပဲ ဆရာ .. အဲဒါ ကြောင့်လည်း မဟုတ်ဘူး ... ဘယ်အိမ်ထောင်ရှိတဲ့ ကောင်မှ ပန်းမဖြုတ်ရဲပါဘူး ... ဘာဖြစ်လို့လဲဆိုတော့ နတ်ကြီးတယ်။ စည်းဖောက်ရင် အဲဒီကောင် နောက်တစ်နေ့ အသက်ပျောက် တာပဲဆရာ ဒါကြောင့်လည်း ဘယ်သူမှ စည်းမဖောက်ရဲပါဘူး ဘာပြောပြော ဆရာကတော့ ဒီည ဘုရားကို သွားကိုသွားရမယ် ကျွန်တော်လိုက်ပို့မယ်"

ဤသို့ဖြင့် ကျွန်တော် ခြတောင်းရွာသို့ရောက်ခဲ့ရသည်။

ခြတောင်းရွာကိုရောက်တော့ ညနေ ၄ နာရီ ထိုးတော့မည်။ ကိုကျော်မောင်က ကျွန်တော့်ကို သူ့ယောက္ခမ အိမ်သို့ ခေါ်သွားသည်။ ရွာက ရွာကြီးတစ်ရွာဖြစ်ပြီး ရွာနီးပတ်လည် ရှားတော၊ ကျနီ၊ ငွေပင်ဆိုသည့် ရွာကြီးသုံးရွာနှင့်လည်း ဆက်စပ်နေသည်။

ကိုကျော်မောင် ယောက္ခမတွေက ချမ်းသာကြပုံပေါ်သည်။ သစ်ကုန်သည်ကြီးများ ဖြစ်သောကြောင့်လည်း သူတို့ ဆောက်ထားသည့် အိမ်ကြီးမှာ ကြီးမားလှသည်။ ကျွန်တော့်ကို သူ့ယောက္ခမတွေကလည်း လေးလေးစားစား ခေါ်ပြောကြသည်။

ကျွန်တော်တို့ ချောင်းထဲကို ရေဆင်းချိုးပြီးတက်လာ ချိန်တွင် အိမ်ဦးခန်း၌ ထမင်းဝိုင်းက ပြင်ထားပြီးဖြစ်သည်။ ကြက်သားကာလသားချက်အပြင် ဒေသထွက် အီပိုးကြော်၊ ပဒူ (ပျားတူ) ကြော်၊ မျှောက်ချေးခါး၊ ချိုးကြော် စုံနေအောင်ပြင်ထားသည်။

“ဆရာ…ဦးရေလေးများ လုပ်ဦးမလား”

“အရက်ကို ပြောတာလား”

“ဟုတ်တယ် ဆရာ”

“မသောက်ဘူးဗျ”

“ဆရာကလည်း နည်းနည်းပါးပါး လုပ်လိုက်စမ်းပါ”

“ဆရာက ဖွင့်မှ ကျွန်တော်က နောက်ကလိုက်ရမှာ ကျွန်တော့်အတိုင်းဆိုင်ရင် ယောက္ခမကြီးတွေက ကြည်ဖြူမှာ မဟုတ်ဘူး”

“ကျွန်တော်မှ မသောက်တာ”

“နည်းနည်းတော့ စတိဖြစ်ဖြစ်ပေါ့ ဆရာရယ်

နောက်ပြီး ညအတွက် ရဲဆေးတင်ထားဖို့ လိုတယ်နော်”

“ကျွန်တော့်အတွက်တော့ ဘာမှ မလိုပါဘူးဗျာ”

“ဆရာကလည်း ခက်လိုက်တာနော်”

ဤသို့ဖြင့် ထမင်းဝိုင်းမှာ ပျင်းခြောက်ခြောက်ကြီး ပြီးသွားရသည်။ ကျွန်တော်က ဆာဆာနှင့် စားလိုက်သည်မှာ သုံးပန်းကန်။ ကြက်သားဟင်းကလည်း ကောင်းလှသည်။ နောက်မှ သိလိုက်ရသည်မှာ ဆေးခြောက်နည်းနည်း ထည့်ချက်ထားသောကြောင့်ဟူ၏။

ထမင်းစားပြီး ရေနွေးကြမ်းပွဲလာချသူကို ကျွန်တော် ငေးကြည့်နေမိသည်။

တောသူတစ်ယောက်ဆိုသော်လည်း အလွန်လှနေသည်။

“ဆရာ…ငေးလှချည်လား"

“အာ … မဟုတ်ပါဘူး … အဲဒီအမျိုးသမီး ဝတ်ထားတဲ့ နားဆွဲက ထူးဆန်းနေလို့ပါ”

မိန်းကလေးဝတ်ထားသည့် နားဆွဲမှာ ဒေါင်းပုံဖြစ်သည်။ ဒေါင်းမြီးက သူ့ပခုံးကို ထိလောက်အောင်ရှည်သည်။ ခေါင်းကို လှုပ်လိုက်တိုင်း မီးခွက်အလင်းရောင်နှင့် နားဆွဲက လက်ခနဲ ဖြစ်ဖြစ်သွားသည်။

"အဲဒါ မရီးလေဆရာ...ကျွန်တော့်မိန်းမရဲ့ အစ်မပေါ့"

"ဟုတ်လား ... မချစ်ထက်တောင် လှတယ်နော်"

ကျွန်တော်က တိုးတိုးလေး ကိုကျော်မောင်နားကို ကပ် ပြောသော်လည်း အိမ်ခန်းထဲက ရယ်သံသဲ့သဲ့လေးတွေ ကြားနေ ရသည်။

"ဆရာ ... ဘုရားသွားမယ်"

"နေပါဦးဗျ...ခုမှထမင်းစားပြီးလို့ ဗိုက်လေးနေတာ"

"လာပါဆရာ...လမ်းလျှောက်ရင်း ဗိုက်ချောင်သွား မှာပေါ့ "

ကျွန်တော်တို့နှစ်ယောက် ရွာလမ်းအတိုင်းလျှောက် လာကြသည်။ ရွာထဲတွင် ကာလသားတွေ ခြေရှုပ်နေကြသည်။ သူတို့ တောက်တောက်ပြောင်ပြောင်တွေ ဝတ်ထားကြသည်မှာ ရယ်စရာ။ ထိုညတွင် လကလည်း သာသည်။ ရွာလမ်းတစ်လျှောက် မန်ကျည်းပင်ကြီးတွေကြားထဲမှ လရောင်တွေက ဖြာပြီးထိုးဆင်း နေသည်မှာ ကြည့်၍လှနေသည်။

ထိုညတွင် အိမ်တိုင်းရှေ့၌ ခုံလေးတွေချပြီး မုန့်ဗန်းလေး တွေခင်းထားသည်။ ကြိုက်သူ ယူစားနိုင်သည်။ ဘိန်းမုန့်၊ ကောက်ညှင်းပေါင်း၊ မုန့်စိမ်းပေါင်းစသည့် မြန်မာမုန့်အများစု ဖြစ်သည်။ အချို့သော အိမ်များတွင် ရေနွေးကြမ်းအိုးတွေပါ ချထားသည်။ကျွန်တော်က ထမင်းစားထားသည်မှာ ဗိုက်တင်းနေသောကြောင့် အတင်းကျွေးသည်တို့ကိုနည်းနည်းချင်းယူစားပြီး မအီမသာဖြစ်နေသည်။

"လာဆရာ ... ရွာနောက်လမ်းက ပတ်ထွက်မယ် ... ကျွန်တော်လည်း မစားနိုင်တော့ဘူး"

"အေးလေ...စောစောကပြောရင် ထမင်းလျှော့စားတာပေါ့"

"မသစ်လက်ရာက လျှော့စားလို့ မရဘူးဆရာ"

"ဘယ်သူလဲ မသစ်ဆိုတာ"

"မချစ် အစ်မလေ"

"ဪ ... ဟို နားဆွဲကြီးကြီးနဲ့ အမျိုးသမီးလား"

"ဟုတ်တယ်"

"သူက အိမ်ထောင်ရှိသလား"

"သူ့ခေါင်းမှာ ပန်ထားတဲ့ ပန်းကို ဆရာမမြင်ဘူးလား"

"ပန်း ပန်ထားတယ် ... ဟုတ်လား ... ကျွန်တော် မမြင်မိဘူး"

"ဘယ်မြင်မလဲ...ဆရာက နားဆွဲကြီးကို ကြည့်နေ တာကိုး"

"ဘာအရောင်ပန်းကို ပန်ထားသလဲ ကိုကျော်မောင်"

"အနီရောင်"

“ဟာ”

“ဘာ ဟာလဲဆရာ”

“နှမြောလိုက်တာ”

“ဆရာ...သူကအိမ်ထောင်တော့ မရှိဘူး ... ဒါပေမဲ့ ပန်းအနီပန်ထားရတယ်”

“ဘာဖြစ်လို့လဲဗျ”

“ဒီလို ပန်းဆွတ်ပွဲမှာ လူတစ်ယောက်ကို ယုံပြီးတော့ ပုံလိုက်မိလို့”

“ဗျာ .. အဲဒီလူ ဘယ်ရောက်သွားလို့လဲ”

“ဒီရွာကို ရောက်လာတဲ့ ညွှ့်သည်ဆရာ ရွာမှာ ရောက်တာမှ တစ်လပဲရှိသေးတယ် မသစ်က အဲဒီလူကို ယုံပြီး ပုံလိုက်တာ”

“အဲဒီလူက ...”

“သူပုန်လေဆရာ ... ရွာကိုပြေးလာပြီး ခိုနေတာ...မသစ်နဲ့မှားကြပြီး နောက်တစ်နေ့မှာပဲ အဖမ်းခံလိုက်ရတာ။”

“ခုတော့ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်း မသိဘူးဆရာ”

“ခင်ဗျားတို့က မစုံစမ်းဘူးလား”

“ဖမ်းသွားတဲ့ တပ်ဆီကို သွားစုံစမ်းတာပေါ့ ဆရာရယ်...သူတို့က ဌာနေကို ပြန်ပို့လိုက်ပြီတဲ့...ဘာမှန်းတော့ မသိပါဘူး ဘယ်ကိုပို့လိုက်မှန်းလည်း မသိပါဘူး... အခုဆိုရင် သုံးနှစ်ရှိနေပြီ .. ဘာသတင်းမှမရဘူး”

“အဲဒါဆို ပန်းအဖြူပန်လို့ မရဘူးလား”

“မရတော့ဘူးဆရာ ...မသစ်က သေတဲ့အထိ ပန်းအနီရောင်ပဲ ပန်သွားမှာ”

“တကယ်လို့ သူ့မှာ အရင်လူကို မျှော်လင့်ချက်မရှိတော့ဘူးဆိုပြီး ပန်းအဖြူကို ပန်မယ်ဆိုရင်ရောဗျာ”

“ကာယကံရှင် ဆန္ဒအတိုင်းပေါ့ဆရာ”...

“သူဘယ်တော့ ပန်းအဖြူပန်မလဲဆိုတာကိုပဲ ရွာမှာစောင့်နေသူတွေ အများကြီးပါ”

“ဒါဆိုရင် မျှော်လင့်လို့ရတယ်ပေါ့”

“ဆရာကလား”

“မဟုတ်ပါဘူး ... ရွာကပါ”

ကျွန်တော်တို့ လယ်ကွင်းကိုဖြတ်ပြီး ကန်သင်းရိုးအတိုင်း လျှောက်လာကြခြင်းဖြစ်သည်။ ရွာနှင့် ဘုရားက လှမ်းသည်။ ဘုရားသွားရာလမ်းတွင် လူတွေအများကြီး တွေ့နေရသည်။

ကျွန်တော်တို့ ဘုရားကိုရောက်သည့်အခါ လူစည်နေသည်။ ရွာနီးချုပ်စပ်ကလည်း လှည်းတွေနှင့် လာကြသည်။ ဘုရားပွဲကာလ မဟုတ်သော်လည်း ယနေ့ညအတွက် သီးသန့် အနေဖြင့် လာကြခြင်းဖြစ်သည်။ များသောအားဖြင့် လူငယ်တွေ များသည်။ ဤညကို ဘုရားမလာလျှင် ဖူးစာဖက်နှင့်လွဲကာ တစ်သက်လုံး အပျိုကြီး၊ လူပျိုကြီးများဘဝနှင့် နေကြရသည်

ဟုလည်း အစွဲတွေရှိနေသောကြောင့်ပင်။

"ဟိုမှာတွေ့လားဆရာ … ပန်းဖြူဖြူလေးတွေ ပန်ထားတဲ့ အုပ်စု"

"တွေ့တယ်…ကောင်လေးတွေကလည်း ဝိုင်းနေတာပဲ"

"ဘုရားပေါ်မှာ ပိုများမယ်"

ဘုရားအောက် သစ်ပင်ရိပ်များတွင် ခုံဝိုင်းတွေနှင့် ဘူးသီးကြော်ရောင်းသည့် ဆိုင်များကို တွေ့ရသည်။

"ဘူးသီးကြော် စားရအောင်ဗျာ"

"ဆရာက ဆာပြီလား…ဘုရားပေါ်တက်မယ်လေ"

"မဟုတ်ဘူး…ထိုင်ရင်းနဲ့ ကလေးတွေကို ကြည့်ချင်လို့… လူများတယ် … နောက်မှတက်မယ်"

ကျွန်တော်တို့ ပိတောက်ပင်ကြီးအောက်ရှိ အကြော်ဆိုင် တစ်ဆိုင်ကိုဝင်လိုက်သည်။ ခုံဝိုင်းတွင် ချပေးထားသည့် ဖင်ထိုင်ခုံ သေးသေးလေးများရှိသည်။ ကိုကျော်မောင်က အကြော်တစ်ပွဲ မှာကာ ရေနွေးကြမ်းငှဲ့ပေးသည်။

မိန်းကလေးတွေက ပန်းအဖြူ ပန်းအနီတွေ ပန်ထား ကြသည်။ ထင်သလောက်လည်း မရိုင်းကြပါ။ သူ့အုပ်စုနှင့်သူ တွဲသွား တွဲလာ။ အကြော်ဆိုင်ဝင်ကာ စားသောက်သူတွေလည်း ပျော်ရွှင်စွာရှိနေကြသည်။

"ကိုကျော်မောင် သာမန်လိုပဲ သွားလာနေကြတာပါလား"
"ညဥ့်နက်လာရင်တော့ အလျှိုလျှိုပျောက်သွားကြမှာ ဆရာ"

"အလို … ဟိုမှာ ခင်ဗျားမိန်းမ မချစ်နဲ့ မသစ်"

"ဟုတ်တယ်…သူတို့ ဒီကိုလာနေတယ်…ကျွန်တော် တို့ကို မြင်တယ်ဆရာ"

"မချစ်လာလေ…တို့ဘူးသီးကြော်စားနေတာ"

ကိုကျော်မောင်က သူ့မိန်းမကိုခေါ်လိုက်သည်။ သူတို့ ညီအစ်မနှစ်ယောက် ခုံဝိုင်းကိုလာပြီးထိုင်လိုက်ကြသည်။ မသစ် က ဒေါင်းနားဆွဲကို မပန်ထားတော့။ ယခုမှ သတိထားကြည့် လိုက်မိသည်မှာ သူ့ခေါင်းတွင် အနီရောင်ပန်းတစ်ပွင့်၊ ထူးဆန်း သည်က ခေါင်ရန်းပန်းနီနီ။

ကျွန်တော် အံ့အားသင့်နေမိသည်။ ခေါင်ရန်းပန်းကို အမျိုးသမီးတွေ ပန်လေ့သိပ်မရှိ။ အဘယ်ကြောင့် မသစ်က ပန်ထားသနည်း။

"ဆရာ … ကြည့်လှချည်လား"

"ဟို .. ဟို…မဟုတ်ပါဘူး…မသစ်ပန်ထားတဲ့ပန်းက ခေါင်ရန်းပန်းဆိုတော့ ထူးဆန်းနေလို့ပါ … ကျွန်တော်တို့ဒေသ တွေမှာတော့ ခေါင်ရန်းပန်းကို မသာမှာအလှဆင်တဲ့ပန်းဆိုပြီး မိန်းကလေးတွေ ပန်လေ့မရှိကြဘူး"

မသစ်က ပြုံးနေသည်။

"ဆရာ…ရှင်လျက်နဲ့ သေနေတဲ့သူတွေ လောကကြီးမှာ အများကြီးလေ"

မသစ်ထံက မထင်မှတ်သောစကား ထွက်လာခြင်း ဖြစ်သည်။

“ဆရာ … ဘုရားပေါ်ရောက်ပြီးပြီလား”

“မရောက်သေးဘူး”

“ဘုရားပေါ်ရောက်ရင် စနေထောင့်မှာ ခရေပင်ကြီး တစ်ပင်ရှိတယ်ဆရာ … အဲဒီက ခရေပွင့်တစ်ပွင့်လောက် ကောက် ပြီးတော့ ဘုရားမှာ ဆုတောင်းနိုင်ရင် လိုရာပြည့်သတဲ့”

“ဟုတ်လား … ကျွန်တော့်မှာ ဆုတောင်းစရာ မရှိပါ ဘူးဗျာ”

“ဒါပေမဲ့ ဘုရားပေါ်တော့ သွားလိုက်ပါဦး ဆရာ … ရောက်နေမှ”

မချစ်က ကျွန်တော့်ကို စကားရှာပြောနေခြင်းဖြစ်သည်။

“ဘူသီးကြော်လေးတွေ ကောင်းလိုက်တာ … ရေနွေး ကြမ်းလည်း ကောင်းတယ်”

မချစ်က မတ်တတ်ရပ်လိုက်သည်။

“ကိုကျော်မောင်”

“ဘာလဲဟ”

“အခင်းကြီးသွားချင်လို့ လိုက်ပို့စမ်းပါ”

“အေး… ငါလည်း အပေါ့သွားချင်နေတာ”

မချစ်က ထွက်သွားသည်။ ကိုကျော်မောင်က နောက်မှ လိုက်သွားသည်။ အကြော်ဝိုင်းတွင် ကျွန်တော်နှင့် မသစ် နှစ်ယောက်တည်း ကျန်နေခဲ့သည်။

“မသစ် ဘူးသီးကြော် ထပ်မှာပေးမယ်လေ”

“နေပါဆရာ…ကျွန်မ ရေနွေးကြမ်းပဲသောက်မယ်”

“မသစ်ကို တစ်ခုလောက်မေးချင်လို့”

“ဘာများလဲဆရာ”

“ဒီရွာကို ဘာကြောင့် ခြတောင်းလို့ခေါ်သလဲ”

“အဖေတို့ပြောတာတော့ ခြတောင်းဆိုတာ ဝန်ချ တောင်းပန်တာလို့ ပြောတာပဲ။ အကောင်ခြတွေ မဟုတ်ဘူး”

“ရွာထိပ်မှာတော့ ခြတောင်းဆိုပြီး ရေးထားတော့ ကျွန်တော်တောင် ခြအကောင်လေးတွေက ဘာတောင်းတာလဲလို့ ထင်နေတာ”

“မဟုတ်ဘူး…ကျွန်မသိတာက ဝန်ချတောင်းပန်တာ”

“ဘယ်သူကလဲဗျ”

“ပါးစပ်ပုံပြင်တွေတော့ရှိတယ်ဆရာ…ဒီရွာမှာကလည်း ပုံပြင်လိုလိုပြောတာတွေ အများသား”

“ဒီရွာကို ပထမဆုံးတည်တဲ့သူတွေက ဒီမှာနေဖို့ လှည်းတွေနဲ့ရောက်လာတော့ မြေအရမ်း ကြမ်းတယ်တဲ့ ဆရာ။ ညဆိုရင် ဘယ်သူမှ မအိပ်ရဘူး။ ဘီလူး၊ သရဲတွေခြောက်လွန်းလို့တဲ့။ တစ်ညတော့ ဘီလူးတွေက

ရွာသူလေး တစ်ယောက်ကို ဆွဲသွားတယ်။ သူက ခေါင်းဆောင်လာတဲ့သူရဲ့ သမီးတဲ့ဆရာ။ သိပ်လှတယ်လို့ ပြောတယ်။ သမီးလေးပျောက်တော့ လူတွေရှာကြတယ်။ ဘီလူးကြီးက ဂူထဲမှာ သူ့ကိုခေါ်ထားတာ။ သူတို့ ဘီလူးဆီက မိန်းကလေးကို ပြန်တောင်းကြတယ်။ ဘီလူး က ခေါ်နိုင်ရင်ခေါ်လို့ပြောပြီး ကောင်မလေးကို ဂူပြင်ထုတ်ပေး တယ်။ ဒါပေမဲ့ ကောင်မလေးက လူတွေနဲ့ ပြန်မလိုက်ဘူးဆရာ။ ဘီလူးနဲ့ပဲ နေခဲ့တယ်"

မသစ်ကပြောရင်း အဝေးကိုငေးကာ မျက်ရည်တွေ ဝဲနေသည်။

"မသစ် ငိုနေသလားလို့"

"မဟုတ်ပါဘူး ... အကြော်ဖိုက မီးခိုးတွေကြောင့်ပါ"

"ဘာဆက်ဖြစ်သွားလဲ"

"ကောင်မလေးက ဘီလူးနဲ့ပေါင်းနေတာတဲ့ ဆရာ"

"ကောင်မလေးအမေက နေ့တိုင်း ဘီလူးဂူကိုလာလာပြီး ငိုတယ်"

"သမီးရယ် ပြန်လိုက်ခဲ့ပါတဲ့...လူနဲ့ဘီလူး အသွင်မတူတာကြောင့် ပေါင်းဖို့ မဖြစ်နိုင်ပါဘူးပေါ့"

"ကောင်မလေးက ပြန်လိုက်သလား"

"မလိုက်ဘူးဆရာ...လူတွေက ရသေ့ကြီးတစ်ပါးကို သွားပင့်လာတယ် ... တန်ခိုးရှိတယ်တဲ့ .. အဲဒီရသေ့က ဂူကိုလာပြီး လူသားနဲ့ ဘီလူး မအပ်စပ်ဘူး ထွက်လာခဲ့ဖို့ပြောတယ်။ ကောင်မလေးက တောင်းပန်ပါတယ် ... တောင်းပန်ပါတယ်လို့ အော်ပြောပြီး ဂူထဲကမထွက်ဘူး။ ဒါနဲ့ နောက်ဆုံး ရသေ့ကြီးက တန်ခိုးနဲ့ ဂူကြီးကို ပိတ်လိုက်တယ်"

"အဲဒီဂူကြီး ဒီမှာရှိသလား"

"ဟိုးဘက်မှာရှိတယ်ဆရာ ... တောကွယ်နေလို့ မမြင် ရဘူး ... အဲဒီတောင်ခြေမှာပဲ မျက်ရည်အိုင်ကလည်း ရှိနေတာ လပြည့်နေ့ဆိုရင် တောင်းပန်ပါတယ်ဆိုတဲ့အသံတွေ တောင်နား ရောက်ရင် ကြားနေရတယ်တဲ့"

"စိတ်ဝင်စားလာပြီ...ကောင်မလေးက လူတွေဆီကို ပြန်ချင်လို့ ဘီလူးကို တောင်းပန်တာလား ... မပြန်ချင်လို့ သူ့အမေကို တောင်းပန်တာလား"

"အဲဒါတော့ မသစ်မသိဘူး ဆရာ ... ကောင်မလေး တောင်းပန်တုန်းက သူ့ဆံပင်တွေကိုဖြတ် ရှေ့မှာချပြီးတော့ တောင်းပန်တာတဲ့...ဘီလူးက အဲဒီဆံပင်တွေကို လွှင့်ပစ်လိုက်လို့ အဲဒီတောင်ကို ပိတ်ထားတယ်ဆိုတဲ့ နေရာမှာ ခုဆိုရင် ဆံခြည် ပန်းတွေ ရှိတယ်ဆရာ"

"ဆံခြည်ပန်း ဟုတ်လား"

"ဟုတ်တယ်...ပန်းချုံက နွယ်တွေဆရာ...နက်မှောင်နေတာပဲ ... အပွင့်လေးတွေက နီနီသေးသေးလေးတွေ ... အဝေးက ကြည့်ရင် ခေါင်းမှာ ပန်းနီနီတွေ ပန်ထားတဲ့အတိုင်းပဲ ဆရာ"

"သွားကြည့်ချင်လိုက်တာဗျာ"

"ခုချိန်ဆိုရင် ပန်းတွေပွင့်နေပြီ"

"နေဦး ... ကိုကျော်မောင်နဲ့ မချစ်တို့ကြာလှချည်လား ဘာများဖြစ်နေသလဲ"

"ဘုရားပေါ် ရောက်နေပြီနဲ့တူတယ်ဆရာ ... မသစ်တို့ လိုက်သွားကြမလား"

"သွားလေ"

ကျွန်တော်နှင့် မသစ် ဘုရားပေါ်တက်ခဲ့ကြသည်။

ဘုရားပေါ်တွင် ထင်သလောက်လူမများ။ ကိုကျော်မောင် ပြောသလိုဆိုလျှင် ဆင်းသွားကုန်ကြပြီထင်သည်။

ဘုရားတစ်ပတ် ပြည့်သည်အထိ ကိုကျော်မောင်တို့ကိုမတွေ့။

"ဆရာ ... ဟိုမှာ ခရေပင်ကြီး"

"ဪ .. စောစောက မချစ်ပြောတဲ့ ခရေပင်ကြီးလား"

"ဟုတ်တယ်ဆရာ ... လူတွေကောက်ကုန်လို့ ခရေပန်း တွေမှ ကျန်ပါဦးမလားမသိဘူး"

ကျွန်တော်တို့ ခရေပင်ကြီးအောက်ရောက်လာကြသည်။ လရောင်အောက်တွင် ကျွန်တော်က ခရေပန်းတွေ့လိုတွေ့ငြား ရှာနေမိသည်။ မသစ်ကလည်း လိုက်ရှာသည်။ ကျွန်တော်က တစ်ပွင့်မျှမတွေ့သဖြင့် စိတ်ပျက်နေချိန်တွင် မသစ်က လက်ခုပ် လေးကို ကျွန်တော့်ဆီ ထိုးပေးပြီး

"ရော့ ဆရာ ... ဒီမှာ ခရေပန်းတွေ"

"အင်း...မသစ်ကတော်လိုက်တာ ရှာနိုင်သားပဲ"

"ရော့ အားလုံးယူလိုက်"

"မသစ်လည်း ယူလေ...ဘုရားသွားပြီး ဆုတောင်း ရအောင်"

"ကျွန်မအတွက် မလိုတော့ပါဘူး ဆရာ...ဆရာပဲ အားလုံးယူလိုက်ပါ"

ကျွန်တော်က ပန်းတွေကို လက်ဝါးနှင့်ခံလိုက်သည်။ စုစုပေါင်း ခရေပန်းပွင့်လေးတွေ ငါးပွင့်ဖြစ်သည်။ ကျွန်တော်က ဘုရားပန်းတင်ခုံပေါ်တင်လိုက်ပြီး ဘုရားကန်တော့ကာ ဆုတောင်း လိုက်သည်။ ကျွန်တော် နောက်ပြန်လှည့်လိုက်ရာ မသစ်မရှိ။ ခေတ္တထိုင်နေလိုက်ပြီးမှ ကြည့်နေမိသည်။ ဘုရားပေါ်တွင် လူ မရှိတော့။ တိတ်ဆိတ်ပြီး ဆည်းလည်းသံလေးတွေသာ ကြားနေ ရသည်။

မသစ်က ကျွန်တော့်ရှေ့တည့်တည့် လှေကားထစ်မှ ပြန်တက်လာသည်။ လက်ထဲတွင် ကြာပန်းတွေကိုင်ထားသည်။

"မသစ် ဘယ်သွားနေတာလဲ"

"ကြာပန်းတွေ သွားခူးနေတာ"

"အောက်မှာ ရေကန်ရှိလား"

"ဟုတ်တယ်"

မသစ်က ဘုရားပန်းတင်ခုံပေါ်ရှိ အိုးထဲကို ကြာပန်းများ သွားထိုးပြီး ဘုရားရှိခိုးနေသည်။ ကျွန်တော်က သူ့ကို သတိထား ကြည့်နေမိသည်။

သူ့ခေါင်းပေါ်တွင် ခေါင်ရန်းပန်းမရှိတော့။

ဘုရားရှိခိုးပြီး နောက်ပြန်လှည့်ကာ ကျွန်တော့်ကို ကြည့်ပြီး မသစ်က "ဆရာ ... ပြန်ကြရအောင်"

"ဘုရားပေါ်မှာ လူလည်း မရှိတော့ဘူးနော်"

"အချိန်ကလည်း လင့်နေပြီလေဆရာ ... ၁၂ နာရီကျော် သွားပြီထင်တယ် ... ၁၂ နာရီ မတိုင်မီအထိ ဒီလိုပဲ ချစ်သူတွေက ပန်းရအောင် ဆွတ်ကြရတယ်"

"၁၂ နာရီကျော်သွားရင်ရော"

"၁၂ နာရီကျော်သွားမှ ပန်းဆွတ်ရင် ချစ်ဦးသူနဲ့ လွဲရတတ်တယ်တဲ့"

"ဒါဆိုရင် မသစ်က အချစ်ဦးနဲ့ လွဲသွားတာ ... ၁၂ နာရီကျော်ခဲ့လို့များလား ... အို ... စိတ်မရှိပါနဲ့"

"ကိုကျော်မောင် ပြောပြထားတယ်ထင်တယ်"

"အင်း...ကျွန်တော် သိသင့်သလောက်တော့ သိပြီးပါပြီ"

"ဆရာ"

"ဗျာ"

"ရော့"

"ဘာလဲဗျ"

"စောစောက ဆရာပန်းတင်ခုံပေါ်မှာ တင်ထားတဲ့ ခရေပန်းတွေလေ"

"ထားလိုက်ပါ"

"မဟုတ်ဘူးဆရာ .. အဲဒီခရေပန်းတွေက သိမ်းထားရတယ်"

"ဘာဖြစ်လို့လဲ"

"ဆုတောင်းပြည့်အောင်လို့ပေါ့"

ကျွန်တော်က မသစ်ပေးသည့် ခရေပန်းပွင့်လေးများကို လက်နှင့်ခံရင်း "ကျွန်တော့်ဆုတောင်းက မပြည့်နိုင်ပါဘူး"

"ဘာဖြစ်လို့လဲ ဆရာ"

"မဖြစ်နိုင်တာကို ဆုတောင်းခဲ့မိလို့ပေါ့"

"ဘာများလဲ မသိရဘူးလား"

"မသိချင်ပါနဲ့ဗျာ ... သွားရအောင်ပါ ... ဪ... ဒါနဲ့ မသစ်"

"ရှင်"

"မသစ် ခေါင်းပေါ်မှာ ခေါင်ရန်းပန်းပွင့်လေး မတွေ့ တော့လို့"

"အို...ဟုတ်ပါရဲ့ ကြာပန်းသွားခူးရင်း ပြုတ်ကျကျန်ခဲ့ တယ်နဲ့တူပါရဲ့"

မသစ်က ခေါင်းကိုစမ်းပြီး ပြောလိုက်သည်။

ကျွန်တော်က မသစ်ပန်းတင်ခုံပေါ်တွင် တင်လှူခဲ့သော ကြာပန်းများထဲက တစ်ပွင့်ကို သွားယူလိုက်သည်။

"ရော့"

"ဘာအတွက်လည်း ဆရာ"

“မသစ်ပန်ဖို့”

“အို…ဆရာကလည်း” ကြာပန်းက အဖြူရောင်။

ကျွန်တော်က မသစ်ကို ကြည့်နေမိသည်။ လရောင်အောက် တွင် သူ့အလှက သူကမ်းယူလိုက်သော လက်ထဲတွင် ကိုင်ထား သည့် ကြာဖြူပန်းလေးထက် လှနေသည်။ ညိုတိုတိုအလှကို ပါးတွင် ကွက်ထားသည့် သနပ်ခါးက ပိုပြီးတင့်တယ်စေသည်။ သူ့နှာဖျားအောက် နှုတ်ခမ်းပေါ်တွင် ချွေးသီးလေးတွေကို အတိုင်းသား တွေ့နေရသည်။

မိန်းမတစ်ယောက်က ရက်သလိုအကြည့်ကို ပထမဆုံး ကြုံဖူးသော ကျွန်တော့်မှာ ရင်ခုန်သည်ထက်ပင် ပိုပါသည်။ ကိုယ်ပြောလိုက်မိသည့်စကား မှားသွားပြီလား၊ စိတ်များဆိုးသွား မလား ရင်ထဲတွင် တစ်မျိုးခံစားနေရသည်။

မသစ်က ဘုရားပေါ်မှ တစ်လှမ်းချင်း ဆင်းသွားသည်။ ကျွန်တော်က နောက်မှ လိုက်သင့် မလိုက်သင့် စဉ်းစားနေရသည်။ စိတ်ထဲတွင်တော့ သူ့ခေါင်းမှာ ကြာပန်းလေးကို ပန်လိုက် ပါစေဟု ဆုတောင်းနေမိသည်။ သို့သော် ဘုရားလှေကား အောက်ခြေရောက်သည်အထိ ကျွန်တော့်ကို လှည့်လည်းမကြည့်။ ကျွန်တော်ကလည်း ခြေထောက်တွေကို ကြိုးဖြင့်ချည်ထားသလို ဖြစ်နေသည်။ အတိအကျပြောရလျှင် ကျွန်တော့်ရင်ခုန်သံတွေက မြန်နေသည်။

မသစ်က လှေကားအဆုံးရောက်မှ ရပ်လိုက်ပြီး နောက် ပြန်လှည့်ကြည့်သည်။

"ဆရာ"

သူ့အသံလေးက တုန်နေသလိုပင် ကျွန်တော်က လှေကားထစ်များကို ပြေးဆင်းလိုက်သည်။

သူ့အနားရောက်ခါနီး လှေကား သုံးထစ်ခန့်အလိုတွင် ကျွန်တော် အလိုလို ရပ်လိုက်မိသည်။

"ပြန်ရအောင် ... အချိန်လင့်နေပြီ"

မသစ်က တုန်ရီသော အသံဖြင့် ပြောခြင်းဖြစ်သည်။

"အင်း ... ပြန်ကြမယ်လေ"

မသစ်က ကျွန်တော့်ဘေးမှ လိုက်လာရင်း

"ဆရာ ... သိလား"

"ဘာလဲဗျ"

"ကျွန်မတို့ရွာမှာ ပန်းအနီပန်တဲ့ မိန်းမတွေက ပန်းအဖြူ ကို ပြောင်းပန်မယ်ဆိုရင် ဆံပင်ကိုဖြတ်ပြီး ရွာတစ်ပတ် လှည့်ပြရ တယ်ဆိုတာ"

"မသိဘူး...ခု မသစ်ပြောမှ သိတာ"

"အဲဒီ မိန်းမတွေဟာ လင်သေရင်သေ...ဒါမှမဟုတ် လင်နဲ့ တရားဝင်ကွာရှင်းထားသူတွေ ဖြစ်ရတယ်ဆရာ...ဒါပေမဲ့ ကျွန်မတို့ရွာမှာ လင်နဲ့ ကွာရှင်းပြီး ဆံပင်ဖြတ်တဲ့ မိန်းမတွေက မရှိသလောက်ပဲ။ လင်သေလို့ ဆံပင်ဖြတ်ပြီး

ပန်းအဖြူပန်ခွင့်ကို တောင်းတဲ့သူတွေတော့ ရှိခဲ့ဖူးပါတယ် ... ပန်းအနီပန်တဲ့ သူတွေက ပန်းအဖြူကို ကိုယ်ပန်ချင်သလို ကောက်ပန်လို့မရဘူး ... မိန်းမကောင်းပန်းပန် တစ်ပွင့်တည်းပန်တယ်ဆိုတာကို တန်ဖိုး ထားတတ်ကြတယ် ဆရာ”

“ဒါဆို ကျွန်တော်ပေးတဲ့ ကြာဖြူပန်းလေးဟာ အလကား ပေါ့ "

“မသစ် မပန်ရဲဘူးဆရာ ... မသစ်စိတ်က မသေချာသေးဘူး”

“ကျွန်တော် သိတာကတော့ ကိုကျော်မောင်နဲ့ မချစ်တို့က ရှောင်ပေးသွားပုံရတယ်”

“ညီမလေးက ဆရာနဲ့ကျွန်မကို သဘောတူတယ်တဲ့”

ကျွန်တော်တို့ ရွာထဲကိုဝင်ပြီ။ လရောင်က မန်းကျည်းပင်တန်းတွင် လှပစွာထိုးဆင်းနေသည်။ ကျွန်တော်တို့ ရှေ့တွင် စုံတွဲတစ်တွဲက ခေါင်းများကို ပုဆိုးအုပ်ပြီး ရယ်သွားကြသည်။

မသစ်တို့ ခြံဝိုင်းထဲကို ဝင်လာပြီ။ အိမ်ပေါ်တက်မည် အပြုတွင် မသစ်က

“ဆရာ”

"ဗျာ"

“မနက်ဖြန် စောစောထပါလား”

“ဘာဖြစ်လို့လဲ မသစ်”

“မျက်ရည်အိုင်ကို သွားရအောင်...မသစ်လိုက်ပို့ပေးမယ်”

“ကိုကျော်မောင်က လိုက်ပို့ပေးမယ်တဲ့”

“နေပူမှာဆရာ ... အစောကြီးသွားရအောင်”

“ကောင်းသားပဲ”

ကျွန်တော်ပျော်နေသည်။ အဘယ်ကြောင့်ဆိုသော် မနက်ဖြန် မသစ်က မျက်ရည်အိုင်သို့ ပို့ပေးမည် ပြောခြင်း ကြောင့်ဖြစ်သည်။

ကျွန်တော့်အတွက် အိပ်ရာက ဘုရားစင်အောက်တွင် ခင်းထားသည်။ ကျွန်တော့်အိပ်ရာဘေးတွင် ကိုကျော်မောင်က ကွေးကွေးလေး အိပ်နေသည်။ မသစ်က အခန်းထဲဝင်သွားသည်။ ညီအစ်မနှစ်ယောက် တိုးတိုးလေးပြောကာ ရယ်နေကြသည်။ ကျွန်တော်က အိပ်ရာပေါ်ခေါင်းချလိုက်ပြီး နဖူးပေါ်လက်တင်ကာ တွေးနေမိသည်။ ယခု ၁ နာရီထိုးနေပြီ။ မနက်စောစော ပြန်ထ ရမည်ဆိုလျှင် မည်သည့်အချိန် ထရမည်နည်း။ ကျွန်တော်က မနိုးမှာစိုးရိမ်သောကြောင့် မအိပ်ရန် စဉ်းစားနေသော်လည်း မှေးခနဲဖြစ်သွားသည်။

" ဆရာ ... ဆရာ"

ကျွန်တော့်ကို လှုပ်နှိုးနေသူမှာ ကိုကျော်မောင်

“ကိုကျော်မောင်...ဘာလဲ ”

“ထတော့ ... သွားကြတော့”

“ဘယ်ကိုလဲ”

“အောက်မှာ လှည်းပြင်ထားတယ်။ မသစ်စောင့်နေ တယ်၊ သွားကြတော့

မိုးမလင်းခင်သွားကြတော့”

ကျွန်တော်က မျက်နှာသစ်လိုက်ပြီး ခြံဝိုင်းထဲကထွက် လိုက်ချိန်တွင် ဘုန်းကြီးကျောင်းမှ အုန်းမောင်းခေါက်သံကို ကြားလိုက်ရသည်။ မသစ်က လှည်းပေါ်တွင် တစ်ယောက်တည်း

“ဆရာ ... သွားရအောင် နေပူလိမ့်မယ်”

“ကျွန်တော်တို့ နှစ်ယောက်တည်းလား”

“အင်းလေ”

မသစ်က လှည်းကို ကျွမ်းကျင်စွာ မောင်းသွားသည်။ ကျွန်တော်က သူ့နောက်မှထိုင်ပြီး ယိမ်းထိုးနေမိသည်။ လမ်းက ကြမ်းသည်။ ချောင်းတွေကို ဖြတ်ရသည်။ ကုန်းတွေကိုတက်ရသည်။ နံနက်စောစော နှင်းတွေလိုလို မြူတွေလိုလို ဆိုင်းပြီး အေးစိမ့်နေသည်။ မသစ်က အနွေးထည်မပါ။ ကျွန်တော်က ဆွယ်တာ တစ်ထည်ကို လည်ပင်းပတ်လာသည်။

“မသစ်”

“ရှင်”

“အေးနေလား ... ဒီအနွေးထည်လေး ဝတ်ထားလိုက် ပါလား”

“ရတယ်ဆရာ ... ဒီလောက်ကို အေးတယ်လို့ မခေါ်ဘူးရှင့်”

မသစ်က ရယ်မောပြီး လှည်းကို ဆက်မောင်းနေသည်။ နေလုံးက တဖြည်းဖြည်းတက်လာသည်။ မကြာမီ တစ်လောက လုံးကို အလင်းရောင်လွှမ်းတော့မည်။ ကျွန်တော်တို့ တောလမ်း လေးထဲကို ဝင်လိုက်ကြသည်။

အလင်းရောင်ကောင်းစွာရလာသောကြောင့် ကျွန်တော် မသစ်ကို နောက်မှ တိတ်တခိုးကြည့်နေမိသည်။ မသစ် ပန်းအနီ မသစ်ကို လေးတစ်ပွင့် ပန်ထားသည်။ ယနေ့မနက် သူပန်ထားသည့် ပန်းအနီက နှင်းဆီဖြစ်နေသည်။ ခြံထဲတွင် နှင်းဆီပန်းတွေကို စိုက်ထားသည်။ အားလုံး အနီတွေဖြစ်သည်။ နှင်းဆီအနီတွေ ရှိပါလျက် ညက အဘယ်ကြောင့် ခေါင်ရန်းပန်းကို ပန်ထားရ သနည်း။ ခုရော အဘယ်ကြောင့် ခေါင်ရန်းပန်းအနီကို မပန်၊ နှင်းဆီပန်းအနီကို ပန်ထားရသနည်း။

လှည်းက ဖြည်းဖြည်းလေး သွားနေသည်။ မသစ်ထံမှ သနပ်ခါးနံ့သင်းသင်းလေးတွေကို ရနေသည်။ ကျွန်တော့်အထင် ရှစ်နာရီလောက် ကြာမည်ထင်သည်။

“ဆရာ...ရှေ့ချောက်ကိုဆင်းရင် မျက်ရည်အိုင်ကို ရောက်ပြီဆရာ .. ဟိုတောင်တန်းကြီးကို တွေ့လားဆရာ...အဲဒါ ဘီလူးတောင်ပဲ”

“ဘီလူးတောင် ဟုတ်လား”

“ရသေ့ကြီးက ကျိန်စာတိုက်ပြီး ပိတ်ခဲ့တဲ့ တောင်လေ...ညကဆိုရင် တောင်းပန်ပါတယ်ဆိုတဲ့ အသံတွေကြားရမှာ”

“မသစ်ကြားဖူးလား”

“ကြားဖူးတယ်”

“တကယ်”

“တကယ်ပေါ့”

ကျွန်တော်တို့က ချောင်းကွေ့လေးကို ဖြတ်မောင်းလိုက်ပြီး ကမ်းပါးအောက်တွင် လှည်းကို ရပ်လိုက်သည်။ ကမ်းပေါ်မှ မိုးနေသည့် သစ်ပင်ကြီးတွေကြောင့် အရိပ်ကောင်းလှသည်။ မသစ်က လှည်းပေါ်မှ ခုန်ဆင်းပြီး ပလိုင်းလေးတစ်လုံးကို ကောက်လွယ်လိုက်သည်။ ပလိုင်းထဲတွင် ဖက်ထုပ်တွေနှင့် ဓား တစ်ချောင်း။

“လှည်းကို ဒီနေရာမှာ ထားခဲ့ရမှာဆရာ ... ကျွန်မတို့ လမ်းဆက်လျှောက်သွားရမှာ”

မသစ်က နွားတွေကို လှည်းမှဖြုတ်ပြီး လွှတ်ပေးလိုက်သည်။ နွားတွေက မြက်ခင်းဆီကို သွားနေသည်။

“ဒီအတိုင်း ထားခဲ့လို့ရသလား”

“ရတယ်ဆရာ ... ဒီနေရာမှာ ဘာတောကောင်မှ မရှိဘူး”

“ကျွန်တော်တို့ ထွက်လာတာ မသစ်တို့ မိဘတွေသိလား”

“သိတယ်ဆရာ ... အားလုံး သိတယ်”

ကျွန်တော်က ခြေလှမ်းမြန်သည်ဟု ကိုယ့်ကိုယ်ကိုယ် သိထားသော်လည်း မသစ်နောက်ကို မနည်းမီအောင် လိုက်နေ ရသည်။

“ဘယ်လိုလဲ ဆရာကြီး ... မောနေပြီလား”

ကုန်းတက်လေးတစ်ခုတွင် ရပ်စောင့်နေသော မသစ်က ကျွန်တော့်ကို မေးခြင်းဖြစ်သည်။

“ညက ကောင်းကောင်း မအိပ်ရတော့ နုံးနေတယ်”

“မျက်ရည်အိုင်ရောက်ရင် ရေချိုးလိုက်လေဆရာ...လန်းသွားမှာပေါ့”

“အနက်ကြီးဆို”

“ကန်ဘေးမှာ ရေချိုးဖို့ သီးသန့်လုပ်ထားတဲ့ ရေအိုင် လေးတစ်ခုရှိတယ်ဆရာ...မူလအိုင်ပေါ့။

နတ်သမီးတွေက အဲဒီအိုင်ထဲမှာ ရေချိုးကြတာ။ သူတို့အဝတ်တွေ ပျောက်ကုန်လို့ ငိုတာကြောင့် ဘေးကရေအိုင်ကြီး ပေါ်လာတာ”

“ဒီရွာရောက်မှ ကြားရတာလည်း အဆန်း ... လူတွေ ကလည်း အဆန်းတွေချည်းပဲ”

“မသစ်ရော ဆန်းတဲ့အထဲမှာ ပါသလားရှင်”

“ပါတယ်...ဘယ်ရောက်မှန်းမသိတဲ့ လူတစ်ယောက်ကို အစွဲအလန်းကြီးနေတဲ့ မိန်းမတစ်ယောက်လေ”

မသစ်မျက်နှာ ပျက်သွားသည်။ သူက တစ်ဖက်ကို လှည့်လိုက်ပြီး လမ်းကို ဆက်လျှောက်နေသည်။

“ဟိုမှာ … မျက်ရေအိုင်”

မသစ်က ကုန်းထက်မှ အောက်ကို လက်ညှိုးထိုးပြလိုက်သည်။

ရေအိုင်ကြီးက အတော်လေးကျယ်သည်။ ကိုကျော်မောင် ပြောသလို ဖျာလေးချပ်စာလောက်ရှိမည်။

“ဘေးက ရေချိုးတဲ့အိုင်ဆိုတာ မမြင်ပါလား”

“ချုံတွေနောက်မှာဆရာ .. ဒီက မမြင်ရဘူး”

ကျွန်တော်တို့ ကုန်းစောင်းလေးအတိုင်း ပြေးဆင်းလာ ကြသည်။

မျက်ရည်အိုင်က မှန်သားကိုကြည့်နေရသလို ရေတွေက ကြည်လှသည်။ ငါးတွေကူးနေသည်ကို မြင်နေရသော်လည်း အဝေးကလို ဖြစ်နေသည်။ ကျွန်တော်က ထိုင်ပြီး ရေတွေကို ကိုင်ကြည့်ရာ အေးစိမ့်နေသည်။

“ဟိုမှာ ဆရာ… ဟိုချုံဘေးက ပတ်ဝင်သွား … အထဲမှာ ရေချိုးအိုင်”

“အဲဒီအထဲကို ဒီကရေတွေ ဝင်နေတာ ရင်ခေါင်းလောက်ပဲ နက်တယ် .. အဲဒီလောက်ထက်ပိုပြီး မနက်ဘူး … ဆရာ၊ ရေသွားကူးလိုက်လေ … လန်းသွားအောင် မသစ် ဒီမှာ ကောက်ညှင်းပေါင်းပြင်ထားမယ်”

“ဟိုလေ … ဘောင်းဘီမပါတော့ ရေချိုးလို့ မဖြစ်ဘူးနဲ့ တူတယ်”

“ဟီး … ဟီး … ဆရာရေ … ဒီရေအိုင်ထဲမှာ နတ်သမီး တွေတောင် ချွတ်ချိုးကြလို့ နတ်ဝတ်တန်ဆာတွေ ပျောက်ကုန် တာရှင့် … တကတဲ … ဟား .. ဟား”

မသစ်က သူ့ပြောသည့်စကားကို သဘောကျသဖြင့် ရယ်နေသည်။

ကျွန်တော်က ချုံဘေးကိုပတ်ပြီး အတွင်းကိုဝင်လိုက်ရာ ရေအိုင်လေးတစ်အိုင်ကို တွေ့လိုက်ရသည်။ မသစ်နှင့် ကျွန်တော့် ကြားတွင် ချုံက ခြားထားသည်။ အင်္ကျီကိုချွတ်။ ပုဆိုးကိုရေထဲဆင်းပြီး တဖြည်းဖြည်း ချွတ်သွားကာ ပုဆိုးကို လက်မြှောက် ကိုင်ပြီး ကမ်းပေါ်ကို ပစ်တင်လိုက်သည်။ တစ်ညလုံး စိတ်ပန်း လူပန်း ဖြစ်သမျှအားလုံး လျှော့ခနဲကျသွားသည်။

ကျွန်တော်က ရေကို အသက်အောင့်ပြီး အကြာကြီး ငုပ်နေမိသည်။ နောက်မှ ခေါင်းပြန်ဖော်ပြီး မျက်နှာကို ပွတ်နေ ချိန်တွင်

“ဆရာ”

“ဘာလဲ မသစ်”

“မသစ် … ဝင်လာမယ်”

“ဘာလုပ်မလို့လဲဗျ”

“ရေချိုးချင်လို့”

“နေဦး … နေဦး … ကျွန်တော် မပြီးသေးဘူး”

“ဝင်လာပြီ”

မသစ်က ထဘီရင်ရှားကြီးနှင့် ချုံအကွယ်မှ ဘွားခနဲ ပေါ်လာသည်။

ကျွန်တော်က သတိရလိုက်ပြီး ရေတွေကို လက်နှင့် မွှေကာ လှုပ်ခတ်အောင် လုပ်နေရသည်။ ရေက အလွန်ကြည် နေသောကြောင့် ရေထဲတွင် သူ့ကို မျက်နှာချင်းဆိုင်၍လည်းမဖြစ်၊ ကျောပေး၍လည်းမရ အခက်တွေ့နေသည်။

"မသစ်...ဘာလုပ်တာလဲ"

"ဆရာ ကျွန်မဆင်းလာရမလား"

"မဆင်းပါနဲ့ ... မဖြစ်ပါဘူး...ကျွန်တော်က အခွင့် အရေးသမား မဟုတ်ဘူး"

မသစ်က ကျွန်တော့် ပုဆိုးနှင့် အင်္ကျီကိုကောက်ပြီး ချုံအပြင်ကို ပြန်ထွက်သွားသည်။

"ဟာ ခက်တော့တာပဲ ... ဘာလုပ်တာလဲဗျ .. ပုဆိုး လာပြန်ပေးပါ"

"ဆရာ ... မျက်ရည်အိုင်ဇာတ်လမ်းကို ကြားဖူးလား"

"ကြားဖူးတယ် ... ဘာဖြစ်လို့လဲ...အဝတ်တွေလာပြန်ပေးပါ"

"နတ်သမီးလေးတွေက သူတို့အဝတ်တွေ ပျောက် သွားလို့ ငိုကြသတဲ့"

"ချမ်းနေပြီဗျာ"

"ဆရာ ... ငိုနေတာလား .. ရေအိုင်ပေါ်ကို ဒီအတိုင်း တက်လိုက်ပါ"

"ဒီအတိုင်းဆိုတာ ဘာလဲဗျ"

"အဝတ်မပါဘဲ တက်လိုက်ဆရာ"

"ဟာဗျာ ... မဖြစ်ပါဘူး"

"ကျွန်မပြောတဲ့အတိုင်း လုပ်ပါဆရာ"

"မသစ်...ကျွန်တော် မတက်ဘူးဗျာ ... ရက်စရာကောင်း လိုက်တာ"

"ဆရာ ... မတက်မချင်း ကျွန်မ ပုဆိုးပြန်မပေးဘူး ... တက်လိုက်ပါဆရာ ... ကျွန်မ မမြင်ရပါဘူး"

ကျွန်တော် ရေထဲတွင် အေးပြီး ခိုက်ခိုက်တုန်နေပြီ။ ပုဆိုးကိုပြန်ပေးမည့် အနေအထားလည်းမရှိ။ ထို့ကြောင့် ရေအိုင် ထဲမှ ကမ်းပေါ်ကိုတက်လိုက်သည်။ အမြင်မတော်ရာကိုတော့ လက်နှင့် အုပ်ထားရသည်။

"အပေါ်တက်ပြီးပြီ"

"ရော့ ဆရာ ... ပုဆိုးပစ်လိုက်ပြီ"

ပုဆိုးက ချုံပေါ်တင်နေသည်။ ကျွန်တော်က ပုဆိုးကို အမြန်ယူလိုက်ပြီးဝတ်ကာ ချုံအပြင်ကို ထွက်လိုက်သည်။ မသစ်က ကျွန်တော့်ကို အင်္ကျီလှမ်းပေးသည်။

"မသစ် ... တော်တော်နောက်တာပဲ"

"စိတ်ဆိုးလားဆရာ"

"စိတ်ဆိုးလို့ရော ... ဘာဖြစ်မှာလဲ"

"မသစ်ရေချိုးမယ်ဆရာ .. ဆရာ ဟိုးဘက်မှာသွားနေ"

"ဘယ်မှာနေနေပါ...ကျုပ် စိတ်နဲ့တောင် မပြစ်မှားပါဘူး"

"ဆရာ...ကျွန်မ လွန်ခဲ့တဲ့ တစ်နှစ်လောက်က ဒီနေရာကို လာဖူးတယ်ဆရာ"

မသစ်က ပြောပြောဆိုဆိုနှင့် ချုံထဲကို အကျီပိုက်ပြီး ဝင်သွားသည်။

ကျွန်တော့်စိတ်ထဲတွင် အတွေးများ ဖြစ်ကျန်ခဲ့သည်။ အဘယ်ကြောင့် မသစ်ကလေးကလားဆန်စွာ ပုဆိုးကို ယူသွား ရသနည်း။ လွန်ခဲ့သောတစ်နှစ်က ဤနေရာကို ရောက်ဖူးသည် ဆိုတော့

မသစ်က ချုံကွယ်က ပြန်ထွက်လာသည်။ သူ့ဆံပင် တွေက ရေတွေစိုနေသည်။ အဝတ်တွေတော့ ဝတ်လာသည်။

"ဆံပင် ရေတွေစိုနေတယ်"

"စိတ်ချမ်းသာလိုက်တာ...အေးသွားတာပဲ...မကြာပါဘူး၊ ခြောက်သွားမှာပါ ... ကျွန်မတို့ ကောက်ညှင်းပေါင်းစား ကြရအောင် ဆာနေရောပေါ့"

မသစ်က ပလိုင်းထဲမှာ ဖက်ထုပ်တွေကို ဖြေလိုက်သည်။ ကျွန်တော့်ဘက်ကို ဖက်ထုပ်တစ်ထုပ် လှမ်းပေးလိုက်ပြီး သူလည်း စားနေသည်။

"မသစ် တစ်ခုလောက် မေးချင်လို့"

"ဘာလဲဆရာ"

"ဘာဖြစ်လို့ ကျွန်တော့်ပုဆိုးကို ယူသွားရတာလဲ"

"ဆရာ ... ဒီရေအိုင်မှာ အရှိကို အရှိအတိုင်း ပြကြရ တယ်။ ဖုံးကွယ်လို့ မရဘူးဆရာ။ ရေအိုင်ထဲမှာ ရေချိုးသူတိုင်း အဝတ်တွေကို အပြင်မှာ ပုံထားခဲ့ရတယ်။ ဆရာက အထဲကို ယူသွားတော့ ..."

"မသစ်လည်း ယူသွားတယ်လေ"

"မသစ် ချုံအကွယ်လေးမှာ ချွတ်ခဲ့ပါတယ်ဆရာ"

"ဘောင်းဘီတွေ...ပုဆိုးတွေ ဝတ်ချိုးတော့ ဘာဖြစ်သလဲ"

"ကံဆိုးတတ်တယ် ဆရာ"

"ဘယ်လို ကံဆိုးတာလဲ"

"ဒီရောက်တဲ့သူတိုင်း အဝတ်အစားမဝတ်ဘဲ ရေချိုး ကြတာ ထုံးစံပဲဆရာ...

ဒီကိုရောက်တဲ့သူလည်း နည်းတယ် ဆရာ...များသောအားဖြင့် ချစ်သူတွေပဲ လာကြတာများတယ်"

"ဘာဖြစ်လို့လဲ"

"ဒီမှာ ရေအတူချိုးပြီး ဘီလူးတောင်ကို ဆုတောင်းရင် ချစ်သူချင်း ပေါင်းကြရတယ်တဲ့ဆရာ"

"အဲဒါနဲ့ အဝတ်မဝတ်တာနဲ့ ဘာဆိုင်သလဲ"

"ဆိုင် ... မဆိုင်တော့ မသိဘူး...နတ်သမီးလေးတွေက သူတို့အဝတ်အစားတွေ ပျောက်သွားလို့ ကျိန်စာတိုက်ခဲ့တယ်"

"ဘယ်လိုကျိန်စာတိုက်ခဲ့သလဲ"

“ချစ်သူတွေ အဝတ်အစားတွေနဲ့ရေချိုးရင် သေကွဲ မကွဲ၊ ရှင်ကွဲ ကွဲပါစေတဲ့ဆရာ”

“ခုရော ... မသစ်ဘယ်လိုချိုးသလဲ”

“အို...ဆရာကလည်း ... ပြောချင်ပါဘူး”

“ကျွန်တော် သိပါတယ် .. မသစ်ထဘီရေမှ မစိုတာ”

မသစ်က ရယ်နေသည်။

“မသစ်...နောက်တစ်ကြိမ် ကံဆိုးမှာကြောက်လို့လား”

“ဟုတ်တယ် ... ကျွန်မကြောက်နေတယ်”

“ဘာကိုလဲ”

“ဆရာ ... ဆံခြည်ပန်းတွေ သွားကြည့်ရအောင်”

“သွားလေ”

မသစ်က ရှေ့ကထွက်သွားသည်။ ကျွန်တော်က နောက်မှ လိုက်ခဲ့သည်။

“မသစ်ခေါင်းမှာ ပန်းမရှိတော့ဘူးနော်”

“အဲဒါကြောင့် ဒီကိုလာတာဆရာ ... ဟိုးမှာ”

သူလက်ညှိုးထိုးပြသည့်နေရာကို ကြည့်လိုက်ရာ ဆံပင် နက်မှောင်နေသည့် အမျိုးသမီးတစ်ယောက် ထိုင်နေသည့် ပုံလိုလို ပန်းရုံကြီးတစ်ခုကို တွေ့လိုက်ရသည်။ ပန်းနီနီလေးတွေကလည်း ရဲနေအောင်ပွင့်နေသည်။

မသစ်က ဆံခြည်ပန်းနွယ်ကိုင်းလေးတစ်ခုကို ဆွဲကာ ချိုးလိုက်သည်။ အနက်ရောင် အပေါ်ကြောတွေကို ခွာလိုက် သည့်အခါ ဖြူဖြူဖွေးဖွေး အမျှင်လေးတွေပေါ်လာသည်။ မသစ်က ပန်းလေးတွေကို တစ်ပွင့်စီခြွေလိုက်ပြီး နွယ်မျှင်တွင် သီနေသည်။ ကျွန်တော်က မသစ်ကို ပန်းပွင့်လေးတွေ ခူးပေးနေမိသည်။

ပန်းနီနီလေးတွေက သီလိုက်သည့်အခါတွင် ပိုပြီးလှလာသည်။ မသစ်က သူ့ခေါင်းဆံထုံးတွင် ပန်းကုံးလေးကို ပတ်ပြီး ကလစ်နှင့် ထိုးလိုက်သည်။

“လှလိုက်တာ”

“ဘာကိုလဲဆရာ”

“ပန်းလေးတွေကို ပြောတာ”

မသစ်က ကျွန်တော့်ကိုကြည့်ပြီး ရယ်လိုက်သည်။

“ဟို . ပိတ်ထားတဲ့ဂူက ဘယ်နေရာမှာလဲဗျ”

“ဒီတည့်တည့်က ကျောက်နံရံကြီးဆရာ ... အဲဒီအထဲမှာ ဘီလူးနဲ့ ကောင်မလေးရှိတယ်”

“တောင်းပန်ပါတယ်ဆိုတာကို မသစ်ဘယ်တုန်းက ကြားဖူးတာလဲ”

“လပြည့်ညမှာ ကျွန်မတို့ ဒီကိုရောက်လာတာ...တောင်းပန်ပါတယ်ဆိုတဲ့ အသံကို တကယ်ကြားခဲ့ရတာ”

“ဒါဆိုရင် အဲဒီအသံကြားရဖို့ ညအထိ နေရမှာလား”

“မရတော့ဘူးဆရာ ... နောက်နှစ် ... လပြည့်မှ ကြားရတော့မှာ...ခုက လပြည့်ကျော်သွားပြီလေ”

“မသစ်တို့ ဒီကို လပြည့်နေ့ညမှာ ရောက်ခဲ့တာကို စိတ်ဝင်စားနေပြီ”

“ဒီမှာထိုင်ပါဦး ဆရာ”

ကျွန်တော်တို့ ကျွန်းပင်ကြီး တစ်ပင်အောက်တွင် ထိုင်လိုက်ကြသည်။ နှစ်ချို့ ကျွန်းပင်ကြီး၏ အမြစ်ပျဉ်းတွေက လူတစ်ယောက်ထိုင်လိုက်လျှင် ပျောက်ကွယ်လောက်သည်။

“သူ့နာမည်က ကိုစောထွန်းတဲ့”

မသစ်က စကားစခြင်းဖြစ်သည်။

“ကျွန်တော် သိတန်သလောက် သိပြီးပါပြီ မသစ်

အဟောင်းတွေ အသစ်ဖြစ်မယ်ထင်ရင် မပြောပါနဲ့တော့ ... ကျွန်တော် သိချင်တာ တစ်ခုတည်းပါ ... မသစ် ... သူသေ သွားပြီလား”

“ဆရာက ဘာဖြစ်လို့ သိချင်တာလဲ”

“မသစ်သဘောထားကို ကျွန်တော် သိထားပြီးသားပဲ ခုထိ ပန်းအနီကို ပန်နေတာလေ”

“ကိုစောထွန်းကို စွဲလမ်းနေသေးတယ်ဆိုတာ ထင်ရှားတာပဲ”

“သူသေသွားပါပြီ ဆရာ”

“မသစ်ဘယ်လို သိလဲ”

“ကျွန်မကိုယ်တိုင် သတ်လိုက်တာ”

“ဗျာ”

မသစ်က အဝေးကိုငေးနေသည်။

"မသစ်"

ကျွန်တော့်ဘက်ကိုလှည့်လိုက်သည့် မသစ်မျက်လုံးများတွင် မျက်ရည်ဥတွေ တွဲလဲခိုနေသည်။

"ငိုနေတယ်လား"

သူက ဘာမှမပြော တစ်ဖက်ကိုလှည့်ပြီး မျက်ရည် တွေကို သုတ်လိုက်သည်။

"မသစ်...လူသတ်တယ်ဆိုတာ မဟုတ်ပါစေနဲ့"

"ဆရာ...ကျွန်မနဲ့ ဘီလူးတောင်ပေါ်ကို လိုက်ခဲ့ပေးပါလား"

မသစ်က ပြောပြောဆိုဆို ထွက်သွားသည်။ ကျွန်တော် ဝေခွဲမရဖြစ်နေသော်လည်း သူ့နောက်ကို လိုက်သွားခဲ့မိသည်။

ဘီလူးတောင်က အမြင့်ကြီးမဟုတ်။ တက်လမ်းတွေ လည်းရှိသည်။ ထူးခြားသည်မှာ တောင်ပေါ်တွင် ဘုရားတစ်ဆူ ရှိနေခြင်းဖြစ်သည်။ ဘုရားကို တောင်အောက်က မမြင်ရ။ လမ်းတစ်ဝက်လောက်ရောက်မှ တွေ့ရခြင်း ဖြစ်သည်။ တောင်က တောင်နှာမောင်းလိုဖြစ်နေပြီး တောင်ကွေးလေး အစွန်းတွင် စေတီကိုတည်ထားခြင်း ဖြစ်သည်။ တောင်အောက်မှ တောင်ပေါ်အထိ ၁၅ မိနစ်လောက် လမ်းလျှောက်လိုက်ရသည်။

စေတီအနီးကိုရောက်သည့်အခါ မသစ်ကရပ်လိုက်ပြီး "ဟိုမှာ တရုတ်စံကားပင်ကြီးကိုတွေ့လား ဆရာ"

"အင်း"

"အဲဒီ အပင်အောက်ခြေမှာ တွင်းကြီးတစ်တွင်းရှိတယ်... လာသွားကြည့်ရအောင်"

မသစ်က တရုတ်စံကားပင်အနီးကိုကပ်ပြီး ကျွန်တော့်ကို လက်ရပ်ခေါ်လိုက်သည်။

တရုတ်စံကားပင်က တောင်စောင်းလို နေရာတွင် ပေါက်နေခြင်းဖြစ်ပြီး သူ့အောက်ခြေနေရာတွင် လူတစ်ကိုယ် ကောင်းကောင်း ဝင်ဆံ့နိုင်သည့် တွင်းကြီးတစ်တွင်း ရှိသည်။

"တွင်းဝကို မျက်နှာအပ်ကြည့်ပါလား ဆရာ"

ကျွန်တော်က သူခိုင်းသည့်အတိုင်း လုပ်လိုက်သည်။ လေတွေက မျက်နှာကို ပြေးဝင်ဟပ်လာသည်။

"အထဲကိုဆင်းလို့ရသလား...လေဝင်လာတယ်"

"အဲဒါ ဘီလူးနဲ့ကောင်မလေးကို ပိတ်ထားတဲ့ဂူနဲ့ ဆက် နေတဲ့ အပေါက်ပဲဆရာ။ ဒီနေရာကနေ တောင်ခြေကို ရောက်တယ် လို့လည်း

ပြောကြတယ်။ ဒါပေမဲ့ ဘယ်သူမှ မဆင်းဝံ့ကြဘူးဆရာ”
“ဘာဖြစ်လို့လဲ”
“ပြန်လမ်းမရှိလို့ပေါ့”
“ဆင်းတဲ့သူ ရှိခဲ့သလား မသစ်”
“ရှိခဲ့တယ်”
“ဘယ်သူလဲ”
“စောထွန်း”
မသစ်က အဝေးကိုငေးနေသည်။ တောင်ပေါ်တွင် လေက တဝူးဝူးတိုက်နေသည်။ တရုတ်စံကားပန်းတွေ ကြွေနေ သည်မှာ မြေပြင်တွင် ဖွေးနေသည်။
ကျွန်တော်က တရုတ်စံကားပန်းတစ်ပွင့်ကို ကောက်လိုက်ပြီး နမ်းလိုက်ကာ အပင်အောက်တွင် ထိုင်လိုက်သည်။
“မနှစ်က သူပြန်လာတယ် ဆရာ”
“ကိုစောထွန်းလား”
“ဟုတ်တယ်”
“သေသွားပြီဆို”
“ကျွန်မတို့လည်း သေပြီထင်တာ .. ဒါပေမဲ့ သူပြန် လာတယ်။ ကျွန်မကို ဘုရားပေါ်လာဖို့ တိတ်တိတ်လေး ချိန်းတယ်။ အမှန်တော့ သူအဖမ်းခံထားရာကနေ ထွက်ပြေးသွားတာ ဆရာ။”
“ရှမ်းပြည်ကိုပြန်သွားတယ်။ တစ်နေရာမှာ ခြေရာဖျောက်နေတာ။ ၂ နှစ်ကြာမှ ကျွန်မကို လာတွေ့တာ”
“မသစ် သူ့ကိုသွားတွေ့လား”
“သွားတွေ့တာပေါ့ ပျော်လိုက်တာ။”
“ကျွန်မ ၂ နှစ်လောက် စောင့်နေရတာလေ။ ဒါပေမဲ့ သူ့ကိုတွေ့တော့ စိတ်ပျက်သွားတယ်ဆရာ”
“ဘာဖြစ်လို့လဲ”
“သူက ရှမ်းပြည်မှာ ပုန်းအောင်းရင်း မိန်းမတစ်ယောက် ရသွားတယ်။ ခုဆိုရင် ကလေးတစ်ယောက်နဲ့ ထားခဲ့တာတဲ့။ ကျွန်မကို သူ့ဆီ လိုက်ခဲ့ဖို့ခေါ်တယ် ဆရာ”
“ဘာဖြစ်လို့ မလိုက်သွားလဲ”
“ရက်စက်လိုက်တာရှင် ကျွန်မကတော့ သူ့ကို ၂ နှစ်လုံး သစ္စာစောင့်ပြီး ထိန်းသိမ်းခဲ့သမျှ သူက အိမ်ထောင်ပြု လိုက်သတဲ့ .. ပြောရက်လိုက်တာ”
“ဒါကတော့ မသစ်ရယ် ... ယောကျ်ားတွေပဲ ဖြစ်တတ်ပါတယ်"
“ဆရာ”
“ဗျာ”

“တကယ်လို့ စောထွန်းနေရာမှာ ဆရာဆိုရင် အဲဒီလိုပဲလုပ်မှာလား”

“ဒါကတော့ ပုံသေပြောလို့ မရဘူးမသစ်...တစ်ယောက် နဲ့တစ်ယောက် အခြေအနေချင်းက တူချင်မှ တူမှာလေ...ကိုစောထွန်းမှာလည်း ရှောင်လွှဲမရတဲ့အကြောင်းအရာတွေ ရှိနိုင်တာပဲ”

“သြော်...မိန်းမတစ်ယောက်ကို ကြောရရုံကြံသွားပြီး...ကတိတွေ အထပ်ထပ်ပေးသွားလည်း ရှောင်လွှဲလို့ မရနိုင်တဲ့ ကိစ္စပေါ်လာတာနဲ့ သစ္စာဖောက်သင့်တယ်ပေါ့နော်”

“မဟုတ်ဘူး မသစ် ကျွန်တော် ပြောချင်တာ အဲသည်လို မဟုတ်ဘူး ... ကျွန်တော်ကတော့ မိန်းကလေး တစ်ယောက်နဲ့ လွန်လွန်ကျူးကျူးဖြစ်ပြီးသွားရင် ဘယ်တော့မှ သစ္စာဖောက်မှာ မဟုတ်ဘူး”

“ကျွန်မ အရမ်းစိတ်ဆိုးတယ် ... ဒါပေမဲ့ သူ့ကို မျက်ရည်အိုင်မှာရေချိုးပြီး သစ္စာဆိုဖို့တစ်ခုပဲ တောင်းဆိုခဲ့တယ်။ သူက လိုက်လာတယ်လေ”

မသစ်က စကားကိုမဆက်။ ခေါင်းပေါ်တွင် ပန်လာ သည့် ဆံခြည်ပန်းကုံးလေးကို ဖြုတ်လိုက်သည်။

“ဆရာ ... ဟောဒီပန်းလေးတစ်ပွင့်ကို စားကြည့်ပါ”

“ဘာကြောင့်လဲ ... စားရင် ဘာဖြစ်သလဲ”

“ရော့ပါ ... စားကြည့်ပါ”

ကျွန်တော်က သူဖြုတ်ပေးသည့် ပန်းအနီလေးတစ်ပွင့်ကို ဝါးကြည့်လိုက်သည်။

“ခါးသက်သက်နဲ့”

လေက တိုက်နေသည်။ ကျွန့်တော့် ခေါင်းထဲတွင် မူးနောက်နောက် ဖြစ်လာသည်။

“ခေါင်းမူးလိုက်တာ”

“ဆရာ”

“ဗျာ”

“မတ်တတ်ထရပ်လိုက်”

ကျွန်တော်မသစ်ပြောသည့်အတိုင်း မတ်တတ်ထရပ်လိုက်မိသည်။

“ဟိုက ကျောက်တုံးကြီးတွေ့လား”

“အင်း”

“သွားမ, လာခဲ့”

ကျွန်တော် သူညွှန်ပြသည့် ကျောက်တုံးကြီးကို သွားမလိုက်သည်။

“လာ ... ဒီနေရာကိုလာ”

ကျွန်တော်က မသစ်အနီးကို တိုးသွားသည်။

“ရပ်လိုက် ... အဲဒီမှာရပ်လိုက် ... ကျောက်တုံးကြီးကို တွင်းထဲချလိုက်”

ကျွန်တော်က သူခိုင်းသည့်အတိုင်း မလာသည့် ကျောက် တုံးကြီးကို

တွင်းထဲပစ်ချလိုက်သည်။

"လာခဲ့...ဒီကိုလာ ... ထိုင် ... အဲဒီမှာထိုင်"

"ခုဆိုရင် ... ရှင်က ကျွန်မသေဆိုရင်သေ...ဟုတ်ပြီလား"

"ဟုတ်ကဲ့"

"ရှင် ကျွန်မကို ချစ်သလား"

"ချစ်တယ်"

"အဲဒီတွင်းထဲကို ခုန်ချရဲလား"

"ခုန်ချရဲတယ်"

"ရော့ ... ဒါလေးကို ဝါးစားလိုက်"

မသစ်က ကျွန်တော့်ကို ထဘီကြားထဲတွင် လိပ်လာသည့် ဆံခြည်နွယ်လေးတွေကိုပေးကာ

"ဝါးလိုက်လေ"

ကျွန်တော် အနက်ရောင် နွယ်တွေကို ဝါးစားလိုက်သည်။

လျှာထဲတွင် ထူပူသွားသည်။

"ဆရာ"

"ဗျာ"

"သတိရပြီလား"

"ကျွန်တော် ဘာဖြစ်သွားလဲမသိဘူး"

"ကျောက်တုံးမတာကို သိလား"

"သိတယ်"

"တွင်းထဲချခိုင်းတာကိုလည်း သိလား"

"သိတယ်"

"ဆရာ့ကို မသစ်ပြောမယ်...ဆရာ ခုဆိုရင် တွင်းထဲကို ခုန်ချမလား"

"ဟင့်အင်း"

"အဲဒါပဲဆရာ...ဆံခြည်ပန်းရဲ့အစွမ်းကို လူတိုင်း မသိဘူး။ ဆံခြည်ပန်းရဲ့ ဖြေဆေးဆိုတာလည်း သူ့ကိုပွင့်စေတဲ့ နွယ်တွေလို့ လူတွေ မသိကြဘူး။ ဆံခြည်ပန်းကို စားမိလိုက်တဲ့သူတိုင်း အသိပျောက်သွားတတ်တယ်။ ဖြေဆေးမပေးရင် သေ ဘေးနဲ့ ကြုံရတတ်တယ်။ လပြည့်ညဆိုရင် သူ့အနံ့နဲ့ လူတွေ ရူးမလိုတောင် ဖြစ်တတ်တယ်ဆရာ"

"မသစ်"

"ရှင်"

"ကျွန်တော် သဘောပေါက်ပြီ ... မသစ် ကိုစောထွန်းကို ဆံခြည်ပန်းစားခိုင်းလိုက်သလား"

"ဆိုပါတော့"

"ဒါဆို ... သူ ဒီအထဲကို ခုန်ချသွားတယ်ပေါ့"

“ဟုတ်တယ်”

“ရက်စက်လိုက်တာ ... ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ မသစ်ရယ်”

“ချစ်လို့ပေါ့”

“သူ့မှာ သားနဲ့ မယားနဲ့ ကျန်ခဲ့တယ်ဆိုတာ မသစ်မသိဘူးလား”

“သိသားပဲ”

မသစ်က ရယ်နေသည်။

“ဆရာ့ကို ထူးဆန်းတာ တစ်ခုပြရဦးမယ် ... လာ...ဆရာ”

မသစ်က ကျွန်တော့်ကို တွင်းကြီးဆီကို ပြန်ခေါ်သွားသည်။ ထို့နောက် သူ့လက်ထဲတွင် ကိုင်လာသည့် ဆံခြည်ပန်းကုံးကို တွင်းထဲသို့ လွှတ်ချလိုက်သည်။

“ဆရာ… လာ ... နားထောင်ကြည့်စမ်း”

သူက ရှင်းပေါက်ကိုညွှန်ကာ ပြောနေခြင်းဖြစ်သည်။

ကျွန်တော်က မသစ်နားကို တိုးသွားပြီး

“ကျွန်တော့်ကိုတော့ တွန်းမချပါဘူးနော်”

“မသစ်က ဆရာ့ကို ဘာဖြစ်လို့ တွန်းချရမှာလဲဆရာ ... ဆရာ ဆင်းချင်ရင်တောင် အတင်းတားမှာပါ”

ကျွန်တော်က တွင်းပေါက်က လက်ကိုင်ပြီး နားစွင့်လိုက်သည်။

“တောင်းပန်ပါတယ် ... တောင်းပန်ပါတယ်"

ကျွန်တော် ထိန့်လန့်တကြား ပြန်ထလိုက်သည်။ ဟိုးအဝေးက အော်နေသလို ပဲ့တင်သံတစ်ခုဖြစ်သည်။

“ဘာကြားသလဲ ဆရာ”

“တောင်းပန်ပါတယ်တဲ့”

ကျွန်တော် နောက်ပြန်လှည့်ကြည့်လိုက်သည်။

မသစ်ခေါင်းတွင် တရုတ်စံကားပွင့် ဖြူဖြူလေးတစ်ပွင့် ပန်ထားသည်။

"ဆရာ ပြန်ကြရအောင်"

"ဟုတ်တယ် ပြန်ကြရအောင် ... ဒီမှာနေရတာ တစ်မျိုးကြီးပဲ"

ကျွန်တော်တို့ ဘီလူးတောင်က ပြန်ဆင်းလာကြသည်။ သူ့ကို စကားတစ်လုံးမျှ မပြောနိုင်လောက်အောင် အာစေး မိနေသည်။

မျက်ရည်အိုင်ကို ရောက်လာသည့်အခါ မသစ်က ထားခဲ့သည့် ပလိုင်းလေးကို သစ်ကိုင်းမှ သွားဖြုတ်လိုက်သည်။ "ဆရာ ... ထမင်းဆာပြီလား"

"မဆာပါဘူး"

"ကောက်ညှင်းပေါင်း တစ်ထုပ်ကျန်သေးတယ်"

အမှန်အတိုင်းဆိုရလျှင် မသစ်ကျွေးတာတွေကို မစားဖို့ ကျွန်တော် ဆုံးဖြတ်ထားသည်။ အစစအရာရာ ကျွန်တော် သတိထားရမည်။ ဝန်ခံရလျှင် သူ့ကို ကျွန်တော်ကြောက်နေသည်။

"ဆရာ ခဏလေးစောင့်"

မသစ်က ရေအိုင်ဘေးတောလမ်းလေးအတိုင်း ဆင်းသွားသည်။ အပေါ့အပါးသွားလားမသိ။ ကျွန်တော် ရေအိုင်စပ်ကို သွားပြီး ရေတွေကို လက်နှင့်ဆော့ကစားနေမိသည်။ ငါးလေး တွေက လက်လှုပ်သည့်အတိုင်း ပေါ်လာသည့် ဂယက်တွင် ကူးနေကြသည်။

ကျွန်တော်က ရေကိုလက်ခုပ်နှင့်ခပ်ပြီး သောက်လိုက်သည်။ ထို့နောက် မျက်နှာသစ်ရင်း ခေါင်းကိုခါလိုက်သည်။

"ဆရာ ... သွားရအောင်"

ကျွန်တော့်နောက်တွင် ဘယ်အချိန်က ရောက်နေမှန်း မသိသော မသစ်ကပြုံးပြီး ပြောနေသည်။

"ဆရာ ရေကိုဘာကြောင့် သောက်လိုက်တာလဲ"

"ရေဆာလို့ပေါ့"

"မျက်ရည်အိုင်ထဲက ရေမဟုတ်ဘူးဆရာ ... မျက်ရည် တွေ...မျက်ရည်တွေကိုသောက်ရင် ဘာဖြစ်တတ်သလဲ သိလား"

"ဟာ...ဒုက္ခပဲ...ကျွန်တော်ရေသောက်မိသွားပြီ"

"ဆရာ ကျိန်စာသင့်ပြီ ... ဆရာ ခြတောင်းရွာသူကို ယူကို ယူရတော့မယ်"

"ဗျာ ... မသစ် နောက်နေတာလား"

"ဆရာ့မှာ အခြားရွေးချယ်ခွင့် မရှိတော့ဘူးဆရာ ခြတောင်းရွာသူကို ယူကို ယူရမယ်"

"အို...ဒါတော့ ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ်ပေါ့ .. ဖြစ်ချင်လည်း ဖြစ်မယ်လေ"

"မရဘူးဆရာ .. ဒီအိုင်ထဲကရေကို သောက်သူတိုင်း ခြတောင်းက ပိုင်သွားပြီ"

“မယူဘူးဆိုရင်”
“ဆရာ တစ်သက် ဘယ်မိန်းမကိုမှ ယူလို့မရစေရဘူး”
“ယူတော့ရော”
“ယူကြည့်လိုက်လေ”
မသစ်က ရယ်နေသည်။ ထို့နောက် တစ်လှမ်းချင်း ထွက်သွားသည်။ ကျွန်တော် သူ့နောက်က လိုက်ခဲ့သည်။ လှည်း ထားခဲ့သော နေရာကို ပြန်ရောက်လာသည်။ မသစ်က လှည်းပြင်သည်။ ကျွန်တော်တို့ ခြတောင်းကို ပြန်လာခဲ့ကြသည်။ တစ်လမ်း လုံးနှုတ်ဆိတ်ပြီး စကားမပြောချင်လောက်အောင် ဖြစ်လာသူက ကျွန်တော်။ မသစ်ကတော့ သီချင်းလေး ညည်းလာသည်။ ရွာကို လှမ်းတွေ့နေရပြီ။
“ဆရာကြီး … နှုတ်ဆိတ်လှပေါ့”
“ဟုတ်တယ် … ဘာမှကို ပြောချင်စိတ်မရှိလို့”
“ပန်းဆိပ်မပြေသေးဘူးနဲ့တူတယ်”
“ဘာပန်းဆိပ်လဲ”
“ဆံခြည်ပန်းဆိပ်လေ”
“မဟုတ်ဘူး … ကျွန်တော် ဘာမှ မဖြစ်တော့ဘူး”
“ဆရာ…ဆရာ ဖြေဆေးတစ်ခု သောက်ရလိမ့်ဦးမယ်”
“ဘာဖြစ်လို့လဲ”
“ဆရာ … အဲဒီဆေးမသောက်ဘဲ ဒီရွာကပြန်လို့မရဘူး ဆရာ”
“မသောက်ဘူးဗျာ .. မသစ်ကျွေးတာ…… တိုက်တာ ဘာမှမစားဘူး … မသောက်ဘူး”
“မသစ်ဆီက ဖြေဆေး တောင်းပါဆရာ … မတောင်းရင် မသစ်ပေးလို့မရဘူး” ဆရာ
“နေပါစေ … မတောင်းတော့ဘူး”
“ဆရာ့ နှာခေါင်းမှာ သွေးတွေနဲ့ဆရာ သုတ်လိုက်ပါဦး”
ကျွန်တော်က နှာခေါင်းကို လက်နှင့်ပွတ်လိုက်မိသည်။ သူပြောသလို သွေးတွေ
“ဟာ … သွေးတွေ”
“ဆရာ … ဖြေဆေးလိုနေပြီနော်”
“ကျွန်တော် ဘာဖြစ်မလဲ … ဘာဖြစ်သွားမလဲ”
“ဘာမှ မဖြစ်ပါဘူး … ကုလိုက်ရင် ပျောက်သွားမှာပါ”
“မသစ် ကျွန်တော့်ကို မနောက်ပါနဲ့ဗျာ … ကျွန်တော် ဘာဖြစ်မလဲ”
“ဒီရွာမှာ ဆရာ့ကို ကုနိုင်တာ ကျွန်မပဲရှိတယ်…ညကျတော့ ကုပေးမယ်”
“ခုကုတော့ ဘာဖြစ်မလဲမသစ်”
“ရွာထဲရောက်ပြီဆရာ…ညကျရင် ဆရာ့ကို ကျွန်မ ကုပေးမှာပေါ့

မစိုးရိမ်ပါနဲ့ဆရာ”

လှည်းက ရွာလမ်းထဲကို ဝင်လိုက်သည်။ လူတွေက ပန်းအဖြူပန်ထားသော မသစ်ကို ထူးဆန်းစွာ ကြည့်နေကြသည်။ ကျွန်တော်က ထိတ်လန့်စပြုပြီ။ နွားခေါင်းသွေးက တိတ်သွားပြီ။ မသစ်တို့ အိမ်ဝိုင်းထဲကို လှည်းဝင်လိုက်သည်။

ကိုကျော်မောင်က အိမ်ပေါ်မှ ပြေးဆင်းလာပြီး

“ဆရာ ... တော်တော်မှ ပျော်ခဲ့ရဲ့လား ... မချစ်ရေ ဟေး မချစ် ... မင်းအစ်မကို လာကြည့်ပါဦး”

မချစ်က အိမ်ပေါ်မှ ပြေးဆင်းလာသည်။

“ဟိုမှာကြည့်စမ်း ... ကြည့်လိုက်စမ်း”

နွားတွေကိုဖြုတ်နေသည့် မသစ်ကို ကိုကျော်မောင်ရော နှိမ်ပေါ်မှ ပြေးဆင်းလာသည့် မချစ်နှင့် သူ့မိဘတွေရော ထူးဆန်းစွာ ကြည့်နေကြသည်။

မသစ်က ပြုံးပြီး သူတို့ဆီကို လာနေသည်။

“မမ .. မမခေါင်းမှာ ပန်းဖြူလေးကို ပန်ပြီပေါ့”

“အေး”

“ဟာ… ဆရာ… ဆရာကြောင့်ပေါ့”

“ဆရာ ထင်တော့ထင်သား ... ပြန်လာရင် တစ်ခုခု တကယ်ပဲ ထူးမယ်လို့ ကိုကျော်မောင်ကိုတောင် ပြောနေတာ”

ကျွန်တော်က ကိုကျော်မောင်လက်မောင်းကို သွားကိုင်ပြီး

“လာ...ခင်ဗျားကို ပြောစရာရှိတယ်”

ကိုကျော်မောင်က ကျွန်တော့်နောက်လိုက်လာသည်။ ခြံအပြင်ဝအနားရောက်သည့်အခါ ကိုကျော်မောင်ကို ကျွန်တော်က

“ကိုကျော်မောင် ... ကျွန်တော် ဒီမှာ တစ်မိနစ်လေးတောင် မနေနိုင်တော့ဘူး ပြန်မယ်” ...

“ဘယ်လိုလဲဆရာ ... ထမင်းတွေပြင်ထားတယ် ထမင်းစားဦးမှပေါ့”

“မစားတော့ဘူး ... ပြန်မယ် ... ခုပဲပြန်ရအောင်”

“ကောင်းပြီလေ...ဆရာပြန်မယ်ဆိုရင် ကျွန်တော် စီစဉ်ပေးမယ်”

“ကျွန်တော်ကတော့ မချစ်နဲ့ ကလေးတွေကို ခေါ်ရဦးမှာဆိုတော့ မနက်မှ လှည်းနဲ့ လိုက်လာလို့ရမယ် အချိန်ကလည်းလင့်နေပြီ ဆရာ ... မနက်မှ ကျွန်တော်တို့နဲ့ အတူတူပြန်ရအောင်လား”

“ကိုကျော်မောင် ကျွန်တော် ပြန်ပါရစေဗျာ ... ဒီမှာ တစ်နာရီတောင် ဆက်မနေနိုင်တော့ဘူး”

“ဘာဖြစ်လာလို့လဲဆရာရယ်...ဒါဆိုလည်း ကျွန်တော် အဖော်တစ်ယောက်ထည့်ပေးလိုက်မယ် ... လမ်းတွေကို ဆရာ မသိဘူး”

“မြန်မြန်စီစဉ်ပေးပါဗျာ ... ကျွန်တော်ပြန်တော့မယ်”

“ဘာဖြစ်လာတာလဲဆရာရယ် ... ကျွန်တော်ကတော့ အခြေအနေ

အတော်လေးကောင်းနေပြီ ထင်ထားတာ”

“ရွာရောက်မှပြောမယ်...ခုပဲ ပြန်ဖို့ ကျွန်တော့် အဝတ် အစားတွေ သွားသိမ်းလိုက်ဦးမယ်”

ကျွန်တော်က အိမ်ပေါ်ကိုတက်ပြီး အဝတ်အစားတွေကို ကျောပိုးအိတ်ထဲထည့်နေသည်။

အိမ်ရှင်တွေကို နှုတ်ဆက်လိုက်ရာ မချစ်အဖေက

“ဆရာရယ် ... မနက်မှပြန်ပါလား”

“ကျွန်တော် အရေးကြီးကိစ္စလေးရှိလို့ပါ”

“ဟော့...ကျော်မောင် ... ဆရာ့ကို ဘယ်သူလိုက်ပို့မလဲ”

“မောင်ဆင့်ကို ထည့်ပေးလိုက်မယ် အဖေ”

“အေး ကောင်းတယ် ဒါဆိုရင် မောင်ဆင့်ကို ဘယ်မှ မသွားနဲ့လို့ ပြောထားဦး ... ဆရာ့ကို ထမင်းထည့်ပေးကွယ်”

“နေပါဦးရယ်...ကျွန်တော် မဆာတော့ဘူး ... ခုပဲ သွားတော့မယ်”

“ဟော့ ... မောင်ဆင့် ... ဒီမှာ ဆရာ့ကို လိုက်ပို့ဖို့ပြင်”

ကျွန်တော်က ကျောပိုးအိတ်ကိုလွယ်လိုက်ပြီး အိမ်ပေါ်က အပြေးဆင်းလိုက်သည်။ အိမ်အောက်တွင် မောင်ဆင့်ဆိုသူက စောင့်နေသည်။

“ပေး ... ဆရာ့ကျောပိုးအိတ်ပေး”

“ရပါတယ်ကွာ ... နေပါစေ ... ငါပဲလွယ်ခဲ့ပါ့မယ်”

ကျွန်တော်တို့ ရွာမှထွက်ခဲ့ကြသည်။ လမ်းတွင် မောင်ဆင့်ကို

“မောင်ဆင့် ... ဒီအချိန်ထွက်တာ ငါတို့ရွာကို ဘယ်တော့ လောက်မှရောက်မလဲ ” “မနားတမ်းသွားရင်တော့ ည ၁၂ နာရီ တစ်ချက်လောက်မှ ရောက်မယ်”

“မင်းမှာ လက်နှိပ်မီးပါလား”

“ပါတယ်ဆရာ”

“အေး ... ငါလည်း တစ်လက်ပါတယ် ... လမ်းတော့ ကောင်းကောင်း သိပါတယ်နော်”

“ဒီလမ်းတွေက သွားနေကျပါ ဆရာရယ်”

ကသစ်ချောင်း တစ်ဖက်ကမ်းတွင် အမှောင်ကလွှမ်းစပြုလာသည်။

“ဆရာ ... ရေချိုးဦးမလား”

“မချိုးတော့ဘူး”

ချောင်းရေက တိမ်ပြီးကြည်နေသည်။ မောင်ဆင့်က အဝတ်တွေချွတ်၊ သူလွယ်လာသော ပလိုင်းကိုချလိုက်ပြီး ရေဆင်း ကူးနေသည်။ ကျွန်တော်က သဲသောင်တွင်ထိုင်ပြီး နေဝင်ချိန်အလှကို ကြည့်နေမိသည်။

“သွားမယ်ဆရာ ... လန်းသွားတာပဲ”

ကျွန်တော်တို့ ချောင်းကိုဖြတ်ပြီး တစ်ဖက်ကမ်းကို တက်လိုက်ချိန်တွင်

ကမ်းပေါ်၌ လှည်းတစ်စီးရပ်ထားသည်။

"ဟာ ... အိမ်ကလှည်းပဲ ဆရာ"

ကျွန်တော်တို့ လှည်းနားတွင် ရပ်လိုက်ချိန်၌ ညောင်ပင် ကြီးအကွယ်မှ အမျိုးသမီးတစ်ယောက် ထွက်လာသည်။

"ဟာ… မမကြီး"

"မသစ်"

ကျွန်တော် အံ့အားသင့်နေမိသည်။ မသစ်က လှည်းပေါ် တက်လိုက်ပြီး ကြိမ်ကိုကိုင်လိုက်သည်။

"မောင်ဆင့်"

"ဗျာ... မမကြီး"

"မင်းပြန်တော့ ... ဆရာ့ကို ငါပဲလိုက်ပို့လိုက်မယ်...မင်းတို့က ညှော်သည်ကို ကုန်းကြောင်း ပြန်ခိုင်းရသလားကွယ်… ကဲ ဆရာ လှည်းပေါ်တက်"

"မဟုတ်ဘူး...လှည်းမစီးဘူး… မောင်ဆင့်နဲ့ပဲသွားမယ်"

"တက်ပါဆရာ ... လှည်းပေါ်တက်လိုက်ပါ"

"ဒါဆိုရင် ... မောင်ဆင့်ပါလိုက်ခဲ့"

"မောင်ဆင့် ပြန်တော့"

မသစ်က ငေါက်သလို အော်လိုက်ရာ မောင်ဆင့်က

"ဟုတ်ကဲ့ မမကြီး" ဟုပြောပြီး ချောင်းဆင်းလမ်းအတိုင်း ပြေးဆင်းသွားသည်။

"မသစ် ဘာတွေလုပ်နေတာလဲ"

"မသစ် ဘာမှမလုပ်ဘူး...ဆရာ့ကို လိုက်ပို့ရုံသက်သက်ပဲ… လှည်းပေါ်တက်ပါဆရာ"

ကျွန်တော် လှည်းပေါ်တက်လိုက်သည်။ မသစ်က

"ဟဲ့" ဟု နွားတွေကို ငေါက်လိုက်သည်။ ကျွန်တော် တုန်သွားသည်။

လှည်းလမ်းကို လက်နှိပ်မီးထိုးပေးသလိုနှင့် မသစ်ကို ကြည့်လိုက်ရာ

သူ့ခေါင်းတွင် ပန်ထားသည်မှာ ခေါင်ရန်း ပန်းနီနီ။

မသစ်က လှည်းကိုမောင်းနေသည်။

"မီးပိတ်လိုက်ပါဆရာ ... လရောင်နဲ့ မြင်ရပါတယ်။ မှောင်နေလည်း ကိစ္စမရှိပါဘူး...နွားတွေက လမ်းသိတယ်"

"မသစ် ကျွန်တော် နားမလည်တော့ဘူး .. ဘာဖြစ်လို့ လိုက်ပို့တာလဲ"

"ဆရာကရော ကျွန်မကို နှုတ်မဆက်ဘဲ ထွက်သွားတာ နားလည်ပေးရမှာလား"

"ကျွန်တော် ပြန်ချင်တဲ့အချိန် ပြန်ခွင့်ရှိပါတယ်...မသစ်မှာ တားခွင့်မရှိပါဘူး"

"ဒီမှာဆရာ .. အိပ်ချင်ယောင်ဆောင်သူကို နှိုးရခက်တယ်...မသစ်စိတ်ထဲမှာ ဘာရှိသလဲဆိုတာ ဆရာ ပညာတတ် တစ်ယောက်ပါ ... မသိတာတော့ မဖြစ်နိုင်ပါဘူး"

"ကျွန်တော် သိပါတယ် ... ဒါပေမဲ့ မဖြစ်နိုင်ပါဘူး"

"ဘာကို မဖြစ်နိုင်တာလဲဆရာ"

မသစ်က ပြောပြောဆိုဆိုနှင့် လှည်းကိုရပ်လိုက်သည်။

"ကျွန်တော့်မှာ ချစ်သူရှိတယ်ဗျာ ... ကျွန်တော် သစ္စာ မဖောက်နိုင်ဘူး"

"ချစ်သူပဲဆရာ ... ယူထားတာမှ မဟုတ်တာ"

"မသစ် .. ကိုစောထွန်း သစ္စာဖောက်တုန်းက မသစ် ရူးမတတ်ခံစားခဲ့ရတယ် မဟုတ်လား...ကိုယ်ချင်းစာကြည့်လေ"

"မိန်းမတစ်ယောက်မှာ ယောကျ်ားတစ်ယောက်ကို ချစ်ရင် ထုတ်ပြောခွင့်မရှိဘူးလား ဆရာ ... ကျွန်မ ဆရာ့ကို တစ်ခုပဲ တောင်းဆိုချင်ပါတယ်။ ကျွန်မ သုံးနှစ်လုံးလုံး ဘယ် ယောကျ်ားကိုမှ မပြောခဲ့တဲ့ စကားပါ...ကျွန်မကို လက်ထပ်ပါ"

"မဖြစ်နိုင်ဘူး"

"ဘာကြောင့်လဲ"

"ကျွန်မကို ကယ်ပါဆရာ"

"ဘာဖြစ်လို့ ကယ်ရမှာလဲမသစ်"

"ကျွန်မမှာ ကိုယ်ဝန်ရှိနေတယ် ... ကျွန်မ လင်မရှိဘဲ ကိုယ်ဝန်ရှိတယ်ဆိုရင် ရွာကတစ်ရွာလုံး ဝိုင်းကျဉ်ထားတာထက် အဖေက သတ်မှာ။ သူမသတ်ဘူးပဲ ထားပါ ကျွန်မရော၊ မွေးလာမယ့်ကလေးပါ ဒီရွာမှာနေလို့မရတော့ဘူး ဆရာ ... ကျွန်မကို တောင်းရမ်းပြီး လက်ထပ်ပေးပါဆရာ...ကျနိတဲ့ အပိုင်းကတော့ ဆရာကြိုက်သလို ဆုံးဖြတ်ပေးပါ။ ဆရာ့ကို အခြားယောကျ်ားတွေလို အလွယ်တကူ သိမ်းသွင်းလို့ရမယ် ထင်ခဲ့တာ ကျွန်မ မှားသွားတယ်ဆရာ"

"နေဦး ... ကျွန်တော် သိခွင့်ရှိလား မသစ်က ကိုယ်ဝန်ရှိနေပြီဆိုတော့

မသစ်ကိုယ်ဝန်က ဘယ်သူနဲ့ရတာလဲ"

"ဆရာ...ဒီကိုယ်ဝန်က ကိုကျော်မောင်နဲ့ရတာ"

"ဟာ ... ဘယ်လိုတွေ ဖြစ်ရတာလဲဗျာ"

"ကျွန်မ လော်မာလို့ဖြစ်ရတာ မဟုတ်ဘူးဆရာ...ဒီကောင် ညီမလေးကို ရွာလာပို့ပြီး အိမ်ကလူတွေ ဘုရားပွဲ သွားနေချိန်မှာ ကျွန်မကို ကြံတာ။ သာမန်ယောကျ်ားလောက် ဆိုရင် ကျွန်မ ကိုင်ပေါက်နိုင်ပါတယ်။ ဒါပေမဲ့ ဒီကောင်က ကျွန်မကိုဆေးခပ်ပြီး ကြံတာ။ ကျွန်မအခက်ပဲဆရာ ... သူ့ကို သတ်ပစ်ချင်တာ၊ ဒါပေမဲ့ ညီမလေး မျက်နှာရှိနေတယ်။ ဆရာ့ ကိုခေါ်လာတာတွေ၊ ကျွန်မနဲ့ ဆရာ့ကို လှော်တာတွေဟာ ဒီကောင့်အကြံတွေဆရာ။ အမှန်အတိုင်း ဝန်ခံပါ့မယ်။ မသစ် စိတ်ထဲမှာလည်း ဆရာ့ကို မြင်မြင်ချင်းချစ်မိပါတယ်။ တကယ်လို့ ဆရာသာ မသစ်ကို တောင်းဆိုရင် လိုက်လျောဖို့ အသင့်ပဲဆရာ"

"အို...ဖြစ်ရလေဗျာ ... ကြားရတာတွေက မယုံနိုင်စရာ တွေပါလား...လူ့လောကကြီးကလည်း ရှုပ်ထွေးလိုက်တာ ကြောက်စရာတောင် ကောင်းလာပြီ ... မသစ် ... ကျွန်တော် လူစွမ်းကောင်းကြီးလုပ်ပေးပြီး မသစ်ကို မကယ်တင်ပါရစေနဲ့။ ကျွန်တော့်မှာလည်း ဘဝရှေ့ရေးတွေ အများကြီး ရှိပါတယ်။

နောက်ပြီး ကျောင်းဆရာဆိုတဲ့ဂုဏ်လည်း ရှိသေးတယ် ဆရာဆိုပြီး ရောက်တဲ့ရွာမှာ ဇာတ်လမ်းဆင်တာတွေ ကျွန်တော် မလုပ်ချင်ဘူး။ အခြားအဖြေတစ်ခုခု ရှာကြရအောင်လား။ ဥပမာဗျာ ......မသစ်တို့ရွာထဲက တစ်ယောက်ယောက်နဲ့ အကျိုး အကြောင်း ဖွင့်ပြောပြီး လက်ထပ်နိုင်အောင် ကြိုးစားကြည့်ပါလား"

"ဆရာ...ရွာကလူတွေက ပညာမတတ်ကြဘူးဆရာ။ ပြီးတော့ အစွဲကြီးတယ်။ သူများလှည်းကျိုး မထမ်းခဲ့ကြဘူး ဆရာ။ အစဉ်အလာမရှိဘူး"

"ဒါဆိုရင် မသစ်က ဘာဖြစ်လို့ ကျွန်တော့်ကို ရွေးသလဲ" "ကျော်မောင်က ဆရာဟာ စိတ်သဘောထားပြည့်ဝပြီး သဘောလည်း အလွန်ကောင်းတယ်လို့ ပြောတယ်"

"အဲဒါနဲ့ ခုကိစ္စက မဆိုင်ဘူးမသစ်။ ကျွန်တော် ဘဝနဲ့ ရင်းပြီး မစွန့်စားရဲဘူး။ ပြီးတော့ ကျွန်တော့်မှာ ချစ်သူရှိနေတယ်။ သူ့ကိုလည်း ကျွန်တော် လက်ထပ်ယူပါ့မယ်လို့ ကတိပေးထား တယ်။ သစ္စာမဖောက်ချင်ဘူး။ မသစ်ကိုယ်တိုင်က သစ္စာမဲ့သူ တွေကို မုန်းတယ်နော်။ ကျွန်တော့်ကိုလည်း ကတိမတည်၊ သစ္စာ မရှိတဲ့ ယောကျ်ားတစ်ယောက် ဖြစ်စေချင်တာလား"

မသစ်က ခါးကြားထဲတွင် ထိုးထားသည့် လက်ကိုင်ပဝါကို ထုတ်လိုက်သည်။ ထို့နောက် လက်ကိုင်ပဝါ အဖြူလေးကို ကျွန်တော်နှင့် သူ့ကြားထဲတွင် ဖြန့်ခင်းလိုက်သည်။ လက်ကိုင် ပဝါထဲတွင် ထည့်လာသည်မှာ ဆံခြည်ပန်းပွင့်တွေ

"ဆရာ"

"ဘာလဲ မသစ်"

“ဆရာ့ကို မသစ်က ကယ်တင်စေ့ချင်တာထက် ချစ်နေ တာပါ .. အဲဒါကို ပထမဆုံး သိစေချင်ပါတယ် ... အရှက်မရှိတဲ့ မိန်းမလို့ ထင်ချင်လည်း ထင်ပါ။ နောက်ပြီး ဆရာ့မှာ ကတိပေး ထားတဲ့ မိန်းကလေးရှိတယ်ဆိုတာ မသိလို့ ခွင့်လွှတ်ပါ”

“ရပါတယ်”

“ဒီမှာဆရာ...ပန်းတွေ .. မသစ်ဆန္ဒကို ဖြည့်ဆည်း ပေးတဲ့အနေနဲ့ ပန်းတစ်ပွင့်ကို စားလိုက်ပါဆရာ ... မသစ်လည်း တစ်ပွင့်စားမယ်”

“မစားဘူး ... ဘာဖြစ်လို့ စားရမှာလဲ”

“စားလိုက်ပါဆရာ”

“မသစ် ပေါက်ကရတွေ လျှောက်လုပ်မနေနဲ့”

“တစ်ပွင့်စားပါဆရာ ... ထူးခြားတာတစ်ခုကို ပြချင် လို့ပါ ... ဆရာစားမှ ဖြစ်မယ်

“မသစ် ... ကျွန်တော် မစားဘူး”

“ဆရာ မစားရင် ... မသစ်စားရလိမ့်မယ်”

“မစားပါနဲ့...ဒီပန်းကိုစားရင် ဘာဖြစ်တယ်ဆိုတာ သိနေတာပဲ”

“ဒါကြောင့် ဆရာမစားရင် မသစ်စားရလိမ့်မယ်။ ဆရာ ကြိုက်သလို အမိန့်ပေးပေါ့ ... တစ်ခုတော့ ကြိုပြောမယ်နော် ကျွန်မဗိုက်ထဲမှာ ကျော်မောင်နဲ့ရတဲ့ ကိုယ်ဝန်ရှိတယ်ဆိုတာ သိတဲ့ အပြင်လူဆိုလို့ ဆရာပဲရှိတယ်”

“မစားဘူး”

မသစ်က ပြောပြောဆိုဆိုနှင့် ပန်းနှစ်ပွင့်ကို ကောက်ပြီး ပါးစပ်ထဲထည့်လိုက်ကာ ပြုံးနေသည်။

“မသစ်...မသစ် ဘယ်လိုလုပ်လိုက်တာလဲ ... ဟာဗျာ ခက်ကုန်ပြီ”

မသစ်က ပန်းတွေကို ဝါးစားပြီး ပြုံးပြုံးကြီးထိုင်နေသည်။ ထို့နောက် လက်ကိုင်ပဝါကို ပြန်ထုပ်ကာ ရင်ဘတ်ထဲ ထိုးထည့် လိုက်သည်။

“ကဲ... ဆရာ ... ကျွန်မ ဘာလုပ်ရမလဲ”

မသစ်မျက်လုံးတွေက ကြောက်စရာကောင်းလှသည်။

ပြုံး၍ လှနေသောမျက်နှာက ချက်ချင်းပင် ခက်ထန်သော ကြောက်စရာကောင်းသည့် မျက်နှာဖြစ်သွားသည်။

“ကဲ ... ဒီအတိုင်းရပ်နေရမလား”

မသစ်က လှောင်ပြုံးလေးဖြင့် မဲ့တဲ့တဲ့ပြောနေသည်။

“သွားပါ ... မသစ် ... ကျွန်တော် ပြန်ချင်တယ် ... ရွာကိုမောင်းပါ”

“အမိန့်တော်မြတ်အတိုင်းပါ မောင်တော်”

မသစ်က ကျွန်တော့်ကို ကျောခိုင်းလိုက်ပြီး

“ဟဲ့” ဟု ငေါက်လိုက်ကာ ကြိမ်ဖြင့် နွားတွေကိုရိုက် လိုက်သည်။ နွားတွေကလန့်ပြီး ဆောင့်ရုန်းသွားသဖြင့် ကျွန်တော် ပက်လက်လန်သွားသည်။

မသစ်က လှည်းကို ဒုန်းစိုင်းမောင်းနေသည်။

" မသစ် ... မသစ် ... ဖြည်းဖြည်း...ဖြည်းဖြည်းမောင်းပါဗျ ... ရှေ့မှာ တောင်တက်လမ်းကြီး”

“ဟဲ့ နွား ... ဟိုင်း ... ဟိုင်း"

မသစ်က နွားတွေကို ရိုက်နေသည်။ နွားတွေကလည်း ကြောက်ကြောက်နှင့် အတင်းရုန်းကာ ပြေးနေသည်။

ကျွန်တော်က လက်နှိပ်မီးကို ပိတ်လိုက်သော်လည်း လရောင်အောင်တွင် တောင်တက်လမ်းကို အတိုင်းသား တွေ့နေ ရသည်။

“မသစ် ... ရပ်ပါတော့ ... ရပ်ပါဗျ”

“ဟိုင်း… ဟိုင်း”

တောင်ပေါ်လမ်းကကျဉ်းသည်။ ဤသို့ မဆင်မခြင် မောင်းပုံနှင့်ဆိုလျှင် မတွေးဝံ့။ ကျွန်တော်က ခုန်ဆင်းရန်လည်း မဖြစ်နိုင်သဖြင့် လှည်းနံတွေကို ဆုပ်ကိုင်ထားမိသည်။

“မသစ်… မသစ်”

ကျွန်တော် မည်မျှအော်သည်ဆိုစေ သူလှည့်မကြည့်။ ကျွန်တော့်ရင်ထဲတွင် အေးခနဲဖြစ်သွားသည်။ ဘေးနားက တောင်ကြီး ပြိုကျသွားသလိုလို။ တိမ်တွေက ပြိုကျလာသလို၊ လဝိုင်းဝိုင်းကြီးက ပြုတ်ကျလာသလို ခံစားရပြီး အမှောင်ထုကြီး ဖြစ်သွားသည်။

ကျွန်တော်သတိရလိုက်ချိန်တွင် ကျွန်တော့်ကို လူတွေက ကြိုးနှင့်သိုင်းပြီး တောင်နံရံပေါ်သို့ ဆွဲတင်ချိန်ဖြစ်သည်။ တောင် အောက်ကို ပြန်ငုံ့ကြည့်လိုက်ရာ ပျက်စီးနေသော လှည်းကို တွေ့လိုက်ရသည်။ ကျွန်တော့် ခြေထောက်ကတော့ တွဲလောင်းကြီး ဖြစ်နေသည်။ ကျွန်တော် လှုပ်ကြည့်သော်လည်းမရ

“ဆရာ...ဆရာ...သတိရလား...သတိရလား”

“အင်း...ဘယ်သူတွေလဲ”

မိုးလင်းနေပြီ။ ကျွန်တော့်ကို လှည်းလမ်းပေါ် ဆွဲတင်ပြီး တောင်နံရံဘက် ကပ်ချထားလိုက်သည်။

“ကိုကျော်မောင် ... ကိုကျော်မောင်”

ကိုကျော်မောင်က

“ဆရာ ... ဘာဖြစ်သွားလဲ”

“ခြေထောက်တွေ လှုပ်လို့မရဘူး ... မသစ်ရော”

“အောက်မှာဆရာ ... ဟော့ ... ဆွဲလို့ အချက်ပြနေတယ် ဆွဲကြ… ဆွဲကြ”

ရွာသားတွေအများကြီးရောက်နေကြသည်။ ကျွန်တော်က တောင်ကမ်းပါးတွင် မှီလိုက်သည်။ မချစ်က အနားတွင် လာထိုင် ပြီး ငိုကာ

“ဆရာ...ကယ်ပါဦး...မသစ်လေ...သေပြီနဲ့တူတယ်”

“ဆွဲ ... ဆွဲ ... ဖြည်းဖြည်း"

"သေနေပါပြီကွာ ..."

မသစ် အပေါ်ကို ရောက်လာသည်။ ကျွန်တော်က မတ်တတ်မရပ်နိုင်သဖြင့်

"ကိုကျော်မောင် ... မချစ် ... မသစ် ဘယ်လိုနေလဲ"

"ဆရာ... မမကြီး ဆုံးပြီ"

မချစ်က ငိုပြီး ကျွန်တော့်ထံ ပြေးလာသည်။

မကြာမီ ထွန်းစက်တစ်စီး မောင်းလာသံကြားရသည်။ ကျွန်တော့်ကို နောက်တွဲတွင် တင်သည်။ မသစ်အလောင်းက ကျွန်တော့်ဘေးတွင် စောင်ဖြင့် အုပ်ထားသည်။ သူ့ရင်ဘတ်ကို ငုတ်ထိုးကာ ပွဲချင်းပြီး သေသွားသည်။

"ဆရာ ကံကောင်းတယ် ... ခြေထောက်ပဲ ကျိုးပုံပေါ်တယ်"

ကျွန်တော်က စောင်ကြားထဲက ထွက်နေသည့် မသစ် လက်လေးကို စောင်ထဲပြန်ထည့်ပေးမည်လုပ်ပြီးမှ သူ့လက်ထဲတွင် ဆုပ်ကိုင်ထားသည့် လက်ကိုင်ပဝါကို တွေ့လိုက်သည်။ လက်ကိုင် ပဝါက သွေးစွန်းနေသည်။ ကျွန်တော်က သူ့လက်ထဲမှ လက်ကိုင် ပဝါထုပ်လေးကို ဖြုတ်ယူလိုက်သည်။

ကျွန်တော် ဆေးရုံတက်ရသည်။ နှစ်လကြာမှ ချိုင်း ထောက်နှင့် ပြန်ပြီးလျှောက်နိုင်သည်။

ကျောင်းကို ပြန်ရောက်ပြီး ပထမဆုံး ကျွန်တော့်ကို လာတွေ့သူမှာ ကိုကျော်မောင် အမှန်အတိုင်းပြောရလျှင် အိမ်ထောင်ရေးဖောက်ပြန် သူများကို ကျွန်တော် မုန်းသည်။ လူနာလာမေးသလို လုပ်သည့် ကိုကျော်မောင်ကို သဘောမတွေ့ သောကြောင့် စိတ်ထဲရှိသည့် အတိုင်း ပြောလိုက်မိသည်။

"ကိုကျော်မောင် ... ခင်ဗျားကို သိပ်ပြီး စကားမပြော ချင်ဘူး...နောက် .. ကျွန်တော်နဲ့လာပြီးတော့ မပတ်သက်နဲ့ဗျာ"

"ဆရာ...ဆရာဒီလိုပြောတာ မသစ်ကြောင့်ဆိုတာ ဂန်တော် သိပါတယ်"

"အေးဗျာ ... သိရင်လည်းပြီးတာပဲ ... ကျွန်တော် စာသွားသင်ရဦးမယ် သွားတော့မယ်"

"ဆရာ...ကျွန်တော့်ကို ခွင့်လွှတ်ပါဆရာ...ကျွန်တော် ကန်တော့ပါရစေ"

"သွား ... သွား ... ပြန်တော့ ... ဘာမှလည်း ကန်တော့ စရာမလိုဘူး ... ကျွန်တော့်စိတ်ထဲမှာ ဘာမှလည်း မရှိဘူး ပြန်တော့"

"ဆရာ တစ်ခုလောက်ပြောခဲ့ပါရစေ"

"ဘာလဲ မြန်မြန်ပြော"

"ကျွန်တော်နဲ့ မသစ်ကိစ္စ"

"ခင်ဗျား အဲဒီအကြောင်း ထပ်မပြောနဲ့ ... သွားတော့"

"မသစ်အလောင်းကို မျက်ရည်အိုင်ဘေးက ဘီလူးတောင် နားမှာ မြှုပ်ထားတယ်ဆရာ...သူက သူသေရင် အဲဒီမှာ သေချင်တယ်လို့ ခဏ ခဏပြောတယ်...သူ့ဆန္ဒအတိုင်းပါဆရာ။ မချစ်က အိပ်မက်တွေ မက်နေတယ်ဆရာ ... သူ့အစ်မက ဒူးထောက်ပြီး တောင်းပန်ပါတယ် ... တောင်းပန်ပါတယ်လို့

ပြောနေတယ်တဲ့ ... နောက်ပြီး မချစ်က ဒါလေး ပေးခိုင်းလိုက် တယ်ဆရာ ... မသစ်မသေခင်ညက ဆရာ့ကို ရှာပြန်ရောက်ရင် လက်ဆောင်ပေးလိုက်ဆိုပြီး မချစ်ကို အပ်ထားခဲ့တာတဲ့”

“ဘာလဲ”

ကိုကျော်မောင်က ကျွန်တော့် စားပွဲပေါ်တွင် ဘူးလေး တစ်ခုကို တင်ပြီးနောက် ကျောင်းပေါ်က ဆင်းသွားသည်။

သတ္တုဘူးလေးကို ဖွင့်ကြည့်လိုက်ရာ မသစ်နှင့်တွေ့စဉ်က ဆွဲထားသော ဒေါင်းနားဆွဲလေးတွေ ဖြစ်နေသည်။

ပန်းပေးခဲ့သူ

ကျွန်တော် လမ်းလျှောက်နိုင်ပြီ။ သို့သော် တုတ်ကောက် အကူအညီကိုတော့ ယူနေရသေးသည်။

ကျောင်းပိတ်ရက်တစ်ရက် ပက်လက်ကုလားထိုင်တွင် ထိုင်ရင်း စာဖတ်နေရာက အိပ်ပျော်သွားသည်။

"ဆရာ"

မျက်လုံးဖွင့်ကြည့်လိုက်ရာ မချစ်ဖြစ်နေသည်။

"မချစ် ... လာ ထိုင်လေဗျာ ... ဘာကိစ္စလဲ"

"ဆရာ ... မမကြီးအတွက် ရည်စူးပြီး အလှူလေး လုပ်ချင်လို့ ဆရာ့ကို လာဖိတ်တာပါ"

"ဪ ... ဟုတ်ကဲ့ လာမှာပေါ့"

"ရွာမှာ မဟုတ်ဘူးဆရာ .. ခြတောင်းမှာ လုပ်မှာ"

"အဲဒီကိုဆိုရင်တော့ ကျွန်တော် လိုက်နိုင်မယ်မထင်ဘူး... ခြေထောက်တွေက သိပ်ကောင်းသေးတာ မဟုတ်ဘူး"

"ခြတောင်းကို ကားပေါက်ပြီဆရာ .. မနက်ဖြန် သစ်တောက တီအီးတွေတက်ကြလိမ့်မယ် ... အဲဒါ ဆရာလိုက်မယ် ဆိုရင် တောခေါင်းကြီးက သူလည်းလိုက်မယ်တဲ့"

"အင်းလေ...ကားနဲ့ဆိုရင်တော့ လိုက်တာပေါ့ မသစ်အတွက်ပဲ လိုက်ရမှာပေါ့"

"ဆရာ"

"ဘာလဲဗျ"

"မမကြီးကို အိပ်မက်တွေ ဘာတွေ မမက်ဘူးလား"

"ဟင့်အင်း"

"ကျွန်မကတော့ မကြာခဏ အိပ်မက်တွေ မက်တယ်ဆရာ...အိပ်မက်ထဲမှာ မမကြီးက တောင်းပန်ပါတယ်ချည်း ပြောပြော နေတယ်"

"မနက်ဖြန် ဘယ်နှနာရီလောက် လာခေါ်မှာလဲ"

"မိုးလင်းလင်းချင်းထွက်မယ်ဆရာ...ကျောင်းကပဲစောင့်...ကျွန်မတို့ ဝင်ခေါ်မယ်"

ကျွန်တော် ခြတောင်းကို သွားမည်ဆိုတော့ မနှင်းခက်က တားသည်။

"မောင်ရယ် .. အဲဒီကို ဘာဖြစ်လို့ ထပ်သွားမှာလဲ"

မနှင်းခက်သည် ကျွန်တော့်ချစ်သူ ဖြစ်သည်။ သူနှင့် ကျွန်တော် အဆင်ပြေသည့် နှစ်တစ်နှစ်တွင် လက်ထပ်ရန် စီစဉ်ထားကြသည်။ သို့သော် နှစ်ယောက်စလုံး ကျောင်းဆရာ၊ ဆရာမတွေဖြစ်သည်။ ဘယ်တော့များမှ အဆင်ပြေနိုင်ပါမည် နည်း။ မည်သို့ဆိုစေ လာမည့်နွေဦးတွင် လက်ထပ်ရန်

စီစဉ်ထားပြီး ဖြစ်သည်။

ခြတောင်းတွင် ဖြစ်ပျက်ခဲ့သော ကိစ္စမှန်သမျှ ကျွန်တော် မနှင်းခက်ကို ပြောပြထားသည်။ သို့ဖြစ်ရာ သူက ကျွန်တော့်ကို ရွာသို့မလိုက်သွားစေချင်။

"နှင်းရယ် ... မောင် ဟောဒီ နားဆွဲလေးကို သွားပြန် ပေးချင်လို့ပါ"

နှင်းက ဘူးလေးကိုယူပြီး ဖွင့်ကြည့်လိုက်သည်။

"ဟယ် ... လှလိုက်တဲ့ နားဆွဲလေးတွေ...ဒေါင်းရုပ် တွေနော်"

"ဟုတ်တယ် ... အဲဒါ မသစ်နားဆွဲတွေ ... မောင့်ကို ပေးသွားတာ ... အဲဒါ တွေကို သွားပြန်ပေးချင်တယ်"

"သူ သေသွားပြီပဲ မောင်ရယ်"

"ခြတောင်း ရွာဦးစေတီကို ပြန်ပြီးပြုပြင်နေတယ်တဲ့။ အဲဒါ သူ့နားဆွဲလေးတွေကို သွားလှူချင်လို့"

"လှူကြုံပေးလိုက်ပါလား မောင်"

"ဟင့်အင်း...မသစ်က မကျွတ်ဘူးနဲ့တူတယ်"

"မသစ် မကျွတ်မှန်း မောင်ဘယ်လိုသိလဲ"

"မောင့်နားထဲမှာ မသစ်က တောင်းပန်ပါတယ်လို့ ပြောတာတွေ ကြားနေရတယ်"

"မောင့်လိုလူက ဒါတွေကို ယုံသလားဟင်"

"မယုံပါဘူးကွယ် ဒါပေမဲ့ ကြုံဖူးမှသိမှာပါ နောက်ပြီး မောင့်မှာ ဖြေဆေးတစ်ခု လိုနေတယ်"

"ဘာဖြေဆေးလဲမောင်"

"မောင် ... ဆံခြည်ပန်းစားခဲ့မိတယ်"

"အဲဒါ ဆံခြည်နွယ်တွေ စားပြီးလို့ ပျောက်သွားပြီဆို"

"ဒါပေမဲ့ လပြည့်နေ့ရောက်တိုင်း နှာခေါင်းသွေးလျှံတာ မပျောက်သေးဘူး...အဲဒီအတွက် ဖြေဆေးတစ်ခု လိုနေတယ်"

"ဆရာဝန်ပြပါလားကွယ်"

"ဆရာဝန်တွေကလည်း ဘာမှမဖြစ်ပါဘူးပြောတာပဲ ဒါပေမဲ့ လပြည့်နေ့တိုင်း နှာခေါင်းသွေးလျှံနေတာကတော့ တစ်ခုခုပဲ...တစ်လောက မသစ်အသံကိုကြားရတာ...လူတော့ မတွေ့ရပါဘူး ... ဘီလူးတောင်ကို ပြန်လာခဲ့ပါတဲ့ ... အဲဒီမှာ ဖြေဆေးရှိတယ်တဲ့"

"သိပ်ပြီးတော့ စွဲလမ်းလွန်းနေတာလား မောင်ရယ်"

"မဟုတ်ဘူး ... မောင်သွားကြည့်ချင်တယ်"

"မောင့်ကို စိတ်မချဘူးကွယ်...နှင်းလိုက်ခဲ့ချင်တယ်"

"လိုက်ခဲ့လေ...ကျောင်းပိတ်ရက်နဲ့ ကြုံနေတာပဲ"

နောက်တစ်နေ့ နံနက် ၆ နာရီခန့်တွင် ခြတောင်းဘက်သို့ ထွက်မည့် သစ်တောကားကြီးနှင့် ကျွန်တော်တို့ လိုက်ခဲ့ကြသည်။ သစ်တောကားက

ခြတောင်းဘက်ကို ကျွန်းမျိုးစေ့တွေ သွားပို့ မည်ဖြစ်သည်။ တီအီးကားကြီးနောက်တွင် ကျွန်းစေ့အိတ်တွေ ကားတစ်ဝက်ခန့်တင်ထားသည်။

ကျွန်တော်အပါအဝင် နှင်းနှင့် မချစ်တို့အမျိုး ၆ ယောက် လိုက်လာကြသည်။

ကိုကျော်မောင် ကတော့ မြို့တက်သွားသဖြင့် မလိုက်နိုင်ကြောင်း သိရသည်။

ကားကြီးနှင့်သွားတော့လည်း သိပ်မကြာလှပေ။ နာရီဝက် လောက်အတွင်း ရောက်လာသည်။ လမ်းကတော့ တောလမ်း သစ်ထုတ်ရေးလမ်းဖြစ်နေသောကြောင့် ကားကြီးတွေလောက်သာ သွားနိုင်သည်။

ကျွန်တော်တို့ ခြတောင်းရွာကို ရောက်သည့်အခါတွင် မချစ်တို့အိမ်တွင်ပင် တည်းခိုရန် စီစဉ်ပေးထားသည်။ ကျွန်တော် ကတော့ ဤအိမ်ပေါ်ကို တက်သာလာရသည် စိတ်မကောင်း ဖြစ်နေသည်။

မသစ်ကိုရည်စူးပြီး လုပ်မည့်အလှူက မနက်ဖြန်ဖြစ်သည်။ သစ်တောကားက မျိုးအိတ်များချပြီး ပြန်မည်ဆိုသဖြင့် ကျွန်တော်တို့ နောက်တစ်နေ့တွင်မှ လှည်းဖြင့် ပြန်ကြရမည်။ အကယ်၍ ကားကြုံ ထပ်တက်လာလျှင်တော့ ကားစီးရနိုင်သည်။ သို့သော် ကားလာလည်း သစ်တင်ကားလောက်သာ လာနိုင်သည် ဆိုသောကြောင့် သစ်လုံးပေါ်တွင် ထိုင်စီးရန် မဖြစ်နိုင်ပေ။

အလှူအိမ်က မျက်နှာကြီး သူဌေးအိမ်ဖြစ်သောကြောင့် ညအိပ်ဝိုင်းကူမည့်သူတွေ များပါသည်။ ကျွန်တော်က အချိန်ရှိသေး သောကြောင့် ဘုရားဘက်သွားချင်သည်။ မချစ်က လှည်းစီစဉ် ပေးသဖြင့် နှင်းနှင့်အတူ ရွာဦးစေတီကို လာခဲ့သည်။ ညတွင် ဘုရားပွဲလည်း ရှိသဖြင့် ပွဲခင်းကလည်းရှိသည်။ လူတွေလည်း ရှိနေသည်။

ကျွန်တော်က ဘုရားပေါ်ကို နှင်းနှင့်အတူတက်ပြီး တစ်ချိန်က မသစ်နှင့်အတူ ထိုင်ခဲ့သောနေရာကို ရောက်လာသည်။

“နှင်းရေ .. ခရေပန်းတွေကို ကောက်ပြီးဆုတောင်းရင် ဆုတောင်းပြည့်သတဲ့...ဒါပေမဲ့ ခုချိန်က ခရေမပွင့်ဘူး နေဦး .. ဒီအောက်မှာ ရေကန်ရှိတယ် ... ကြာပန်းတွေတော့ ရှိကောင်းပါရဲ့”

ကျွန်တော်က လှည်းလိုက်မောင်းပို့သော မောင်ဆင့်ကို

“မောင်ဆင့်ရေ”

“ဗျာ ဆရာ”

“ကြာပန်း သွားခူးရအောင်”

“ဘယ်မှာ သွားခူးမှာလဲဆရာ”

“ဟိုအောက်မှာလေ ကန်ရှိတယ်မဟုတ်လား”

“ဆရာ ... အဲဒီအောက်မှာ ဘာကန်မှမရှိဘူး...ဒီက ဆင်းသွားရင် သင်္ချိုင်းပဲရှိတယ်”

"ကန်က ဘယ်တုန်းက ကောသွားတာလဲကွ"

"ဘယ်တုန်းကမှ ရေကန်မရှိတာဆရာရယ်"

"မဟုတ်ဘူး ... မသစ် အဲဒီအောက်ကနေ ကြာပန်းတွေ ခူးခဲ့သေးတယ်"

"ဟာ... ဆရာ ... ဒီနားမှာ ဘာရေကန်မှ မရှိပါဘူး ဆရာရယ် .... မမကြီးကတော့ ခက်တယ်...ထူးထူးဆန်းဆန်းတွေ အရမ်းလုပ်ပြတတ်တယ်"

"လာကွာ . ငါသွားကြည့်ချင်တယ်"

ကျွန်တော်တို့ ဘုရားပေါ်မှ လှေကားအတိုင်း ဆင်းလိုက် ကြသည်။ ဘုရားရင်ပြင်တွင် လှည်းတွေ ရပ်ထားသည်။ ကန်မျှမရှိ။

"သင်္ချိုင်းက ဘယ်မှာလဲကွ"

"ဟိုးမှာဆရာ"

မောင်ဆင့်က အဝေးကို လက်ညှိုးထိုးပြသည်။ ခပ်လှမ်း လှမ်းတွင် အုတ်ဂူလေးတွေနှင့် မြေပုံတွေကို တွေ့ရသည်။ လမ်း လျှောက်မည်ဆိုလျှင်ပင် အတော်လေးလှမ်းသေးသည်။

"မောင်ဆင့်"

"ဗျာ ဆရာ"

"မင်းမမကြီးကို ဘာဖြစ်လို့ အဲဒီမှာ မသင်္ဂြိုဟ်တာလဲ"

"မမကြီးက အစိမ်းသေလေဆရာ ... ရွာထဲပြန်ယူလို့ မရဘူး ... အဘတို့က သင်္ချိုင်းမှာလည်း မထားချင်ဘူးဆိုတာနဲ့ ရင်ခွဲတိုက်က ပြန်ယူလာလာချင်း သူပြောတဲ့နေရာမှာ သွားမြှုပ် ပေးလိုက်တာ"

"ဘီလူးတောင်မှာလား"

"ဟုတ်တယ်"

"ဘာဖြစ်လို့ မင်းမမကြီးက အဲဒီမှာ နေချင်တာလဲ"

"ဆရာ မသိသေးဘူးလား"

"ဘာလဲကွ"

"မမကြီးက ဘီလူးမယားလေ"

"ဘာလဲကွ"

"မမကြီးကို ဘီလူးတောင်က ဘီလူးမယားသေလို့ ဝင်စားတာလို့ တစ်ရွာလုံး ပြောကြတာပဲဆရာ ဒါကြောင့် မမကြီးက အရမ်းစွမ်းတာ"

"ဘာတွေ စွမ်းသလဲကွ"

"ဟာ မပြောပါရစေနဲ့ ... သူ့အကြောင်းပြောရင် ကြက်သီးထလွန်းလို့ ... သူအသက်ရှင်နေတုန်းကဆိုရင် သူ့ အကြောင်း အတင်းပြောလို့ကို မရဘူး ... အားလုံးသိနေတာ ခုတောင် ရောက်နေသလား မသိဘူး...ကြည့်ပါဦး ကြက်သီး တွေ ထနေတာ"

မောင်ဆင့်က သူ့လက်ကို ကျွန်တော့်ဘက်ထိုးပြသည်။ ကြက်သီးမွေးညင်းတွေ ထောင်ထနေသည်ကတော့ အမှန်ဖြစ်သည်။ နှင်းကလည်း

“မောင် ... ပြန်ကြရအောင် ... နှင်းစိတ်ထဲမှာလည်း တစ်မျိုးကြီးပဲ”

“ဒါ ဘုရားမှာပါကွယ် ... မင်းတို့ကလည်း အဖြစ်သည်း နေလိုက်ကြတာ”

ကျွန်တော်တို့ ရွာကိုပြန်လာခဲ့ကြသည်။ စိတ်ထဲတွင်တော့ ပိုပြီးရှုပ်ထွေးလာသည်။ မသစ်အကြောင်းက ပိုပြီး စိတ်ဝင်စား စရာတွေ ကောင်းနေသည်။

ညဘက်တွင် အောက်လင်းမီးတွေနှင့် တစ်အိမ်လုံး ထိန်လင်းနေသည်။ ကျွန်တော့်ကို ဘုရားခန်းတွင် အိပ်ရာပြင် ပေးထားသည်။ နှင်းကတော့ မချစ်တို့နှင့်အတူ ဝိုင်းလုပ်ပေးနေသည်။ သူလည်း မချစ်တို့အခန်းထဲတွင် အိပ်မည်ဟု ဆိုသည်။ ည၉တစ်နာရီလောက်မှ လူတွေပါးသွားသည်။ ကျွန်တော် က အိပ်ရန်ပြင်လိုက်သည်။ နှင်းကလည်း မချစ်တို့ အခန်းထဲကို ကျွန်တော့်အား နှုတ်ဆက်ပြီး ဝင်သွားသည်။

အိပ်ရာပြောင်းလျှင် မအိပ်တတ်သော ကျွန်တော့်မှာ နိုးတစ်ချက်၊ မှေးတစ်ချက်ဖြစ်နေသည်။ ကျွန်တော့်ဘေးတွင် မချစ်အဖေက လာအိပ်နေသည်။ သူ့ဟောက်သံတွေကြောင့်လည်း ကျွန်တော် အိပ်မရ။ ပြတင်းပေါက်က တွေ့နေရသည် လကြီးကို ကြည့်နေမိသည်။ နှာခေါင်းထဲတွင် ပန်းအနံ့လိုလို အမွှေးနံ့တစ်ခု ရနေသည်။ ဘုရားစင်ပေါ်က ဖြစ်မည်ထင်သည်။

“အဘ ... အဘ ဆရာ ... ဆရာ ... လုပ်ပါဦး ... ဆရာမလေး ဘာဖြစ်မှန်း မသိဘူး”

အခန်းထဲမှ အော်သံကြားသဖြင့် ကျွန်တော်က မချစ် အဖေကို လှုပ်နှိုးလိုက်သည်။

“ဦးလေး ... ထပါဦး ... ဘာဖြစ်နေလဲ မသိဘူး”

“ဟေ ... ဘာလဲကွ”

ကျွန်တော်က မချစ်တို့ အခန်းဆီကို တုတ်ကောက်ဆွဲပြီး အမြန်သွားလိုက်မိသည်။

“ဆရာ...ဆရာ...ဒီမှာ ဆရာမလေး ဘာဖြစ်မှန်းမသိဘူး” နှင်းက မတ်တတ်ထကာ ကျွန်တော့်ကို ခါးထောက်ကြည့် နေသည်။ သူ့မျက်လုံးတွေက မီးဝင်းဝင်းတောက်နေသည့်အလား “နှင်း...နှင်း ... ဘာဖြစ်လို့လဲ”

နှင်းက ကျွန်တော့်ကို လက်ညှိုးထိုးလိုက်ပြီး “နင်...နင်” ဟုဆိုကာ စကားမဆက် ကြည့်နေသည်။ ထူးဆန်းသည်မှာ သူ့ခေါင်းတွင် ခေါင်ရန်းပန်းအနီ တစ်ပွင့်ကို ပန်ထားခြင်းဖြစ်သည်။

ကျွန်တော့်နောက်တွင် ရပ်နေသော မချစ်အဖေက

"ဆရာ ... အဲဒါ လူဝင်ပူးတာ"

"ဘာလဲဦးလေး"

"ဆရာမလေးကို တစ်ယောက်ယောက် ဝင်ကပ်နေတာ"

မချစ်အဖေက ဘုရားစင်ကိုပြန်သွားသည်။ ပုတီးကို သွားယူလာပြီး "ဆရာ ... ဟောဒီပုတီးကို ဆရာမလေး ခေါင်းမှာ သွားစွပ်ပေးလိုက်ပါ"

ကျွန်တော်က ပုတီးကိုယူလိုက်ပြီး ရှေ့ကိုတိုးလိုက်သည်။ "ဟဲ့...မလာနဲ့ .. နင် ငါ့ နားမကပ်နဲ့ ..."

"နှင်း ... မောင်လေ ဘာဖြစ်တာလဲ"

"ငါ့နား မလာနဲ့နော်"

ကျွန်တော်က ရှေ့ဆက်တိုးကာ သူ့ခေါင်းကို ပုတီးစွပ် ပေးရန် ကြိုးစားလိုက်သည်။ သို့သော် ကျွန်တော့်ကို တွန်းချ လိုက်ရာ ပက်လက်လန်လဲကျသွားသည်။ နှင်းက ကျွန်တော့်ကို တွန်းပြီးနောက် အိမ်လယ်တိုင်ဆီကို ပြေးသွားပြီး သူ့နဖူးနှင့်တိုင်ကို ဆောင့်လိုက်သည်။ သူ့ခေါင်းတွင် သွေးတွေထွက်လာသည်။

"နင်...ငါ့ကို ဘာထင်သလဲ ... ရှေ့မတိုးလာနဲ့ သေသွားမယ်"

"မတိုးဘူး ... မတိုးတော့ဘူး ... ဘယ်သူလဲ...ပြောပါ ဘာလုပ်ချင်လို့လဲ"

မချစ်အဖေက ပြောနေခြင်းဖြစ်သည်။ ကျွန်တော့်လက် ကိုလည်း သူကဆွဲထားသည်။

"အဖေ... အဲဒီကောင်နဲ့ ကောင်မမျက်နှာကို သမီး မကြည့်ချင်ဘူး .. ထွက်သွားခိုင်းလိုက် .. ခုပဲ ထွက်သွားခိုင်းလိုက်"

"သမီး မသစ်လား...ဒါက ဆရာလေ ... မသိဘူးလား မသစ် ဟုတ်ပါတယ်နော်"

မချစ်ကငိုနေသည်။ နှင်းခြေထောက်ကို သွားဖက်လိုက်ပြီး

"မမကြီး ... မမကြီး ... မလုပ်ပါနဲ့...ဆရာမလေးကို မလုပ်ပါနဲ့ သူက ခုမှ ရွာကိုလိုက်လာတာပါ"

"သွား...အားလုံးသွားကြ...နင်တို့ကို တစ်ယောက်မှ မတွေ့ချင်ဘူး"

"နင်တို့ ဘယ်တော့မှ မညားစေရဘူး .. အဲဒါ ငါ့ကျိန်စာပဲ"

ထိုအချိန်တွင် မချစ်အဖေက ကျွန်တော့်လက်ထဲမှ ပုတီးကိုယူကာ အပြေးထပြီး နှင်းလည်ပင်းတွင် စွပ်လိုက်သည်။

"ဟ ... ချုပ်ထားပါဟ ... ချုပ်ပါဟ"

မောင်ဆင့်ကပြေးလာပြီး နှင်းလက်တွေကို ကိုင်ထားသည်။ နှင်းသည် သေးသေးသွယ်သွယ်လေး ဖြစ်သော်လည်း မချစ်အဖေနှင့် မောင်ဆင့်နှစ်ယောက်

အတင်းချုပ်နေရသည်။ လည်ပင်းတွင် ပုတီးရောက်သွားသည်။ နှင်းက ထိုင်ချလိုက်ပြီး ဇက်ကျိုးနေသည်။

“လုပ်ပါဦး…သူဘာဖြစ်သွားပြီလဲ မသိဘူး”

နှင်းကို သတိရအောင် မနည်းပြန်လုပ်ရသည်။

“ဆရာ ပုတီးကို မဖြုတ်နဲ့ဆွဲထားပေး”

ကျွန်တော်က ပုတီးကိုဖြုတ်မည်ပြုသောအခါ မချစ်အဖေ ကတားသည်။ နှင်းသတိရလာသည်။ သူ့နဖူးကို ဆေးထည့်ပြီး ပတ်တီးစည်းပေးထားရသည်။

“နှင်း…သတိရပြီလား”

“အင်း … မောင် … နှင်းဘာဖြစ်သွားတာလဲမောင်”

“ဘာမှမဖြစ်ဘူး … နှင်းအိပ်နေရင်း ထယောင်တာ တိုင်နဲ့ခေါင်းဆောင့်မိသွားတယ်”

“ဟုတ်လား…နှင်း အဲသည်လို တစ်ခါမှ မဖြစ်ဖူးပါဘူး”

“ရေပြောင်း မြေပြောင်းမို့လို့နဲ့ တူပါတယ်ကွယ်…ပြန်အိပ်လိုက်တော့…လည်ပင်းက ပုတီးကိုတော့ မဖြုတ်လိုက်နဲ့နော်”

နှင်းက အခန်းထဲပြန်ဝင်မည်အပြုတွင် သူ့လက်ကို ဆွဲလိုက်ပြီး

"နှင်းခေါင်းကပန်းကို ဘာကြောင့်ပန်ထားတာလဲ”

“မသိဘူးမောင်…ဘာပန်းလဲ”

နှင်းက ပန်းကိုဖြုတ်လိုက်ပြီး လွှင့်ပစ်လိုက်သည်။

“အို…ခေါင်ရန်းပန်းကြီးပါလား … ကြောက်လိုက်တာ ဘယ်သူပန်ပေးထားတာလဲ”

ကျွန်တော်က အိပ်မရသည့်အဆုံးတွင် ခြံထဲဆင်းပြီး လမ်းလျှောက်နေမိသည်။ မချစ်တို့အဖေကလည်း ဆင်းလိုက်လာပြီး

“လာ … ဆရာ … ကွပ်ပျစ်ပေါ်သွားထိုင်ရအောင်”

ဟု ပြောလိုက်သည်။

ကွပ်ပျစ်ပေါ်ထိုင်လိုက်ချိန်တွင် မောင်ဆင့်က ရေနွေးဇန်း ယူလာပြီး ကျွန်တော်တို့ ရှေ့တွင်ချထားလိုက်သည်။

“ဆရာ … မအိပ်တော့ဘူးလား”

“အိပ်မရဘူး ဦးလေးရယ် … အဖြစ်အပျက်တွေက အံ့စရာတွေပဲ”

“ပထမဆုံး ဘာဖြစ်လို့ ကျွန်တော် ဒီကိုလိုက် လာမိသလဲ မသိတော့ဘူး။ ကျွန်တော့်ချစ်သူ ဆရာမလေးကို ခေါ်လာမိတာလည်း မှားများနေပြီလား။ ဦးလေး မသစ်မဟုတ်လား … ဆရာမလေးကို ဝင်ကပ်နေတာ မသစ်မဟုတ်လား”

“ဟုတ်တယ် ဆရာ .. ကျွန်တော်လည်း ဘာပြောရမှန်း မသိတော့ဘူး … မနက်ဖြန်တော့ တရားနာ၊ ပရိတ်ရွတ်လိုက်ရင် ပျောက်သွားမယ်ထင်တာပဲဗျာ”

“သေပြီးတော့ ဒီလိုလာတာတွေ ရှိသေးလား”

"မရှိဘူး ... တစ်ခါမှ အရိပ်အယောင်လေးတောင် မပြဖူးပါဘူး"

"ဒါဆိုရင် .. ကျွန်တော်တို့ကိုပဲ ဦးတည်ထားတယ် ထင်ပါတယ် ... အထူးသဖြင့် ကျွန်တော့်ကိုပေါ့"

"ဆရာ...ဆရာနဲ့ သမီးကြီး ဘာတွေ ဖြစ်ခဲ့ကြသလဲ မသေခင်ပြောတာပါ ဆရာ"

"ဘာမှ မဖြစ်ပါဘူးဦးလေးရယ် ... ယုံပါ ကျွန်တော် သူ့ကို နှမလေးတစ်ယောက်လိုပဲ သဘောထားတာပါ"

"သမီးက နည်းနည်းလေးရိုင်းတယ်...သူစိတ်ထင်တိုင်း အရမ်းတွေ လျှောက်လုပ်တာပဲကွယ် ... ပြောမရ ... ဆိုမရပါ"

"ဦးလေး တစ်ခုမေးချင်လို့"

"ဘာများလဲဆရာ"

"မသစ်က ဘီလူးတောင်က ဘီလူးချစ်သူသေလို့ ဝင်စားတယ်ဆိုတာ ဟုတ်သလား"

"ကျွန်တော်လည်း အဲဒါကို မယုံပါဘူးဆရာ...ဒါပေမဲ့ သူနဲ့ပတ်သက်ပြီး မယုံနိုင်လောက်တဲ့ အဖြစ်တွေက ရှိနေတယ် ဆရာ"

"ဘာများလဲခင်ဗျာ"

"သူက ကျွန်တော်တို့ မမြင်နိုင်တဲ့သူတွေနဲ့ စကားတွေ ပြောနေတတ်တယ်ဆရာ။ ကြည့်လိုက်ရင် သူ့ကို အရူးလို့ ထင်ရ လိမ့်မယ်။ သူက တစ်ယောက်ယောက်နဲ့ စကားပြောနေတယ် ဆိုတာတော့ သေချာတယ်။ ကျွန်တော်တို့ကလည်း သူ့ကို ရူးနေ တယ် ထင်ကြတာ။ ဒါပေမဲ့ သူမရူးပါဘူး ဆရာ။ ကျွန်တော် ဒီလို ချမ်းသာလာတာ သမီးကြီးကြောင့်ပါ"

"စိတ်ဝင်စားစရာကောင်းလာပြီ"

"ကျွန်တော်တို့ အရင်ကဆင်းရဲတယ်ဆရာ။ သမီးကြီး ၇ နှစ်သမီးလောက်မှာ ထူးဆန်းတဲ့ အမူအယာတွေ စပြီးတော့ သတိထားမိတာပဲ။ သူက တစ်နေ့ ကျွန်တော့်ကို မျက်ရည်အိုင် ပို့ပေးဖို့ ပူဆာတယ်။ ကျွန်တော် တစ်ခါမှ သူ့ကို ဒီအကြောင်း မပြောဖူးပါဘူးဆရာ။ စိတ်ပြေလက်ပျောက်ဆိုပြီးတော့ သူ့ကို ကျွန်တော် ပို့ပေးလိုက်တယ်။ လပြည့်နေ့မှာပဲ။ သူက မျက်ရည် အိုင်ရောက်တော့ ဘီလူးတောင်ကြီးကို ကြည့်ပြီးတော့ ငိုတယ် ဆရာ"

"တကယ်လားဗျာ ... ထူးဆန်းလိုက်တာ"

"သူ့ကို ကျွန်တော်က ဘာဖြစ်လို့ ငိုတာလဲ သမီးလို့ မေးလိုက်တော့ ... သမီးမောင်ကြီး အထဲမှာရှိတယ်တဲ့။ ကျွန်တော် လည်း ကြောက်သွားတာပေါ့။ သမီးက ကျွန်တော့်ကို တစ်နေရာ ဆွဲခေါ်သွားတယ်ဆရာ။ ညောင်ပင်ကြီး တစ်ပင်အောက်ရောက် တော့ ကျွန်တော့်ကို အပင်ပေါ်တက်ခိုင်းတယ်။ ညောင်ပင်က အကြီးကြီးဆရာ။ သစ်ပင်ခွကြားတစ်ခုကိုရောက်တော့ သစ်ခေါင်း ထဲကို ကြည့်လိုက်တဲ့"

ကျွန်တော်က အလွန်စိတ်လှုပ်ရှားကာ စိတ်ဝင်စား သွားမိသည်။

"အထဲမှာဘာတွေ့တယ်ထင်သလဲဆရာ"

"ဘာများလဲဦးလေး"

"အိုးတစ်လုံးဗျ ... အထဲမှာ ရွှေမန်ကျည်းတောင့်တွေ အိုးအပြည့်ပဲ...ဒီလိုနဲ့ ကျွန်တော်တို့ ချမ်းသာလာ ဆရာ တာဆရာ...ဒါကြောင့် သမီးကြီးကို ဘာလုပ်လုပ်၊ ဘာပြောပြော အလိုလိုက်ထားကြတာ"

"နောက်ကော အဲသည်လို ပစ္စည်းတွေ ပေးသေးလား"

"မပေးဘူးဆရာ...ဆရာ့ကို ပေးတဲ့ ဒေါင်းရုပ်နားဆွဲက အဲသည်အိုးထဲက ပါလာတာ။

သူ့အရမ်းမြတ်နိုးတာ။ မဆုံးခင်ညက သူ့ဘဝမှာ အမျှော်လင့်ဆုံး ချစ်သူတစ်ယောက်ကိုပေးရမယ်ဆိုပြီး သမီးငယ်ကို အဲဒီနားဆွဲ ပေးခဲ့တာဆရာ"

မိုးလင်းသွားပြီ။ မကြာမီ သံဃာတော်များကြွလာသဖြင့် ဆွမ်းကွမ်းကိစ္စများ လုပ်ဆောင်ကြပြီး တရားနာသည်။ တရား နာနေစဉ် နှင်းကငိုသည်။

"နှင်း ... ဘာဖြစ်တာလဲ ... စိတ်ထိန်းပါ"

"ဘာဖြစ်မှန်း မသိပါဘူးမောင်ရယ် ... နှင်းစိတ်ထဲမှာ ဝမ်းနည်းနေသလိုပဲ"

နောက်ဆုံး တရားနာပြီး အမျှဝေကာ သာဓုခေါ်ကြသည်။ နှင်းတစ်ယောက်ထိုင်နေရာမှ ပစ်လဲပြီး မေ့သွားသည်။ ကျွန်တော် တို့က ပရိတ်ရည်များဖြင့် ပက်ကြသည်။

ပထမတော့ ကျွန်တော် မသစ်ပေးခဲ့သည့် နားဆွဲလေးကို ဘုရားသို့လှူရန်ဖြစ်သည်။ သို့သော် ကျွန်တော်တစ်ခု ဆုံးဖြတ်လိုက်သည်။ ဘီလူးတောင်ကိုသွားရန်ဖြစ်သည်။ အလှူကိစ္စများ ပြီးသွားချိန်တွင် ကျွန်တော် မသစ်တို့ အဖေကို မျက်ရည်အိုင် သွားမည်ဟု ပြောလိုက်သည်။ မောင်ဆင့်ကို လှည်းနှင့် လိုက်ပို့ ခိုင်းသည်။

နှင်းက လိုက်ခဲ့မည်ဟုပြောသော်လည်း ကျွန်တော် မခေါ်ပါ။

ကျွန်တော့်စိတ်ထဲတွင် စိုးရိမ်ထိတ်လန့်မှုတွေက ရှိနေသည်။

မောင်ဆင့်နှင့်အတူ မျက်ရည်အိုင်ကိုရောက်လာသည်။ ဘာမျှထူးဆန်းသည်ကို မတွေ့မိ။

"မောင်ဆင့်ရေ ... ဘီလူးတောင်ပေါ်က ဘုရားကို သွားရအောင်"

"ဆရာ ... အဲသည်တောင်ပေါ်ကိုတော့ မလိုက်ရဲဘူး"

"အေးလေ ... ဒါဆိုလည်းနေခဲ့"

"ဟင့်အင်းဆရာ ... ဒီနေရာမှာလည်း မနေခဲ့ရဲဘူး"

"ဘာဖြစ်လို့လဲကွ"

"မမကြီးကို ကြောက်တယ်"

"မင်းမမကြီးက သေပြီပဲ...နေဦး သူ့ကို ဒီအနီးနားမှာ မြှုပ်ထားတယ်ဆို"

"ဟိုး အောက်နားလေးမှာဆရာ"

"ငါ့ကို လိုက်ပြပါလား...မင်းက ဘာကို ကြောက်တာလဲ"

"ဆရာ ... ဟိုမှာတွေ့လား"

"ဘာလဲကွ"

"ခေါင်ရန်းပန်းလေ...ဟိုသစ်ကိုင်းမှာ တွဲလောင်းလေး" မောင်ဆင့်ညွှန်ပြလိုက်သည့်နေရာကို ကျွန်တော်ကြည့်လိုက်ရာ ခေါင်ရန်းပန်းနီနီလေးက လှုပ်နေသည်ကို တွေ့လိုက်ရသည်။ ကျွန်တော်က ပန်းပွင့်လေးကို ယူလိုက်ပြီး

"အဲဒါ ဘာဖြစ်သလဲ"

"အဲဒီပန်းက မမကြီး အမြဲပန်နေတဲ့ပန်းပဲ"

"မင်းကလည်း တစ်ယောက်ယောက် ကျန်ခဲ့သလားမှမသိတာ"

"ကျွန်တော် လူရိပ်လိုလိုတွေ့သေးတယ်ဆရာ"

"လာပါကွာ...ဘယ်မှာလဲ မသစ်ကို မြှုပ်ထားတဲ့နေရာ"

"ဟိုမှာဆရာ"

မောင်ဆင့်ညွှန်ပြသည့် နေရာတွင် မြေပုံမို့မို့လေးတစ်ခု ကိုတွေ့ရသည်။ မြေပုံပေါ်တွင် ကျောက်တုံးလေးတွေကို စီထားသည်။ ကျွန်တော်က လမ်းတွင်တွေ့ခဲ့သော ခေါင်ရန်းပန်းလေးကို မသစ်မြေပုံပေါ်တင်လိုက်ပြီး

"မသစ် ... ကျွန်တော့်ကို ခွင့်လွှတ်ပါ" ဟုပြောလိုက်မိသည်။

ကျွန်တော်က လှိုုလေးအပေါ်ကိုပြန်တက်ရင်း

"မင်းနေချင်လည်းနေခဲ့လေ...ငါဘီလူးတောင်ပေါ်ကို တက်လိုက်ဦးမယ်"

"ဆရာ...မနေခဲ့ရဲဘူး...ကျွန်တော်လည်း လိုက်မယ်" ကျွန်တော်တို့ တောင်ပေါ်ကိုရောက်လာသည်။ ကျွန်တော်က လွယ်အိတ်ထဲတွင် ပါလာသည့် ဖယောင်းတိုင်နှင့် အမွှေးတိုင် များကို ထွန်းပြီး ဘုရားကိုကန်တော့သည်။ ထို့နောက် မသစ်ကို မေတ္တာပို့ အမျှဝေသည်။

"ဆရာ"

ကျွန်တော်နောက်လှည့်ကြည့်လိုက်မိသည်။

မောင်ဆင့်က ကျွန်တော့်ဘေးနားတွင်ဖြစ်ပြီး ခေါ်သံက နောက်မှ ဖြစ်နေသည်။

နောက်တွင် မည်သူမျှမရှိ။ ကျွန်တော်က ခေါ်သံကို ပီပီသသကြီး ကြားနေရခြင်းဖြစ်သည်။

"မောင်ဆင့် လာ ဟိုတွင်းပေါက်ကြီးဆီကို သွားရ အောင်"

"ဆရာ မသွားပါနဲ့ အဲဒီတွင်းပေါက်က သေမင်းပေါက်နော် ဆရာ ခုန်ဆင်းအောင် လုပ်လိမ့်မယ်"

"မင်းပါတာပဲကွာ ... လာပါ"

မောင်ဆင့်က ကျွန်တော့်နောက်မှ လိုက်ခဲ့သည်။ ကျွန်တော်က တွင်းပေါက်ကြီးအနားကို ရောက်သည့်အခါ လွယ် အိတ်ထဲမှ မသစ်ပေးထားသည့်

နားဆွဲဘူးလေးကို ထုတ်လိုက်သည်။ ထို့နောက် မသစ်လက်ထဲက ဖြုတ်ယူခဲ့သည့် လက်ကိုင် ပဝါလေးကိုပါ ထုတ်လိုက်သည်။

သွေးခြောက်နေသည် လက်ကိုင်ပဝါလေးထဲတွင် ဆံခြည်ပန်းခြောက်လေးတွေရှိနေသည်။

"မသစ်...ကျွန်တော်တို့ ဘဝကံမပါခဲ့လို့ မဆုံခဲ့ကြတာပါ။ ခွင့်လွှတ်ပေးပါ။ နောင်ဘဝဆိုတာရှိခဲ့ရင် ပြန်ဆုံကြရအောင်ပါ။ ဒီဘဝတော့ ဒီမျှပဲပေါ့မသစ်ရယ်...နားလည်ပေးပါ" ကျွန်တော်က တွင်းပေါက်ကြီးထဲကို မသစ်ပေးခဲ့သော ဘူးလေးနှင့် လက်ကိုင်ပဝါအထုပ်လေးကို ပစ်ချလိုက်သည်။

ထို့နောက် ကျွန်တော် အောက်ကိုင့်ပြီး နားစွင့်လိုက်သည်။

"တောင်းပန်ပါတယ် ... တောင်းပန်ပါတယ် ... ဆရာ"

တင်ညွှန့်

https://t.me/TheBookR